


စိတ်ကူးချိုချိုအနုပညာ

# ပုဂ္ဂလိကပိုင်ပြုခြင်း ဆွေးနွေးချက်များနှင့်

## အခြားစီးပွားရေးရာ

ခင်မောင်ညို (ဘောဂဗေဒ)



mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုခြင်း ဆွေးနွေးချက်များနှင့် အခြားစီးပွားရေးရာ

ခင်မောင်ညို (ဘောဂဗေဒ)



KMN0041 5
3,000.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

ပုဂ္ဂလိကပိုင်ပြုခြင်းဆွေးနွေးချက်များနှင့်အခြားစီးပွားရေးရာ
ခင်မောင်ညို(ဘောဂဗေဒ)- ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
စာမျက်နှာ ၂၀၄ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ပုဂ္ဂလိကပိုင်ပြုခြင်းဆွေးနွေးချက်များနှင့်အခြားစီးပွားရေးရာ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပုဂ္ဂလိကပိုင်ပြုခြင်း ဆွေးနွေးချက်များနှင့် အခြားစီးပွားရေးရာ

ခင်မောင်ညို
(ဘောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ၂၀၁၄ ကမ္ဘာ့စီးပွားရေး | ၁ |
| ၂။ | မြန်မာနိုင်ငံ၊ ပုဂ္ဂလိကပိုင်ပြုရေးနှင့် ပတ်သက်၍ အကြံပြုချက်များနှင့် စဉ်းစားဆင်ခြင်မှုများ | ၅ |
| ၃။ | မြန်မာနိုင်ငံပုဂ္ဂလိကပိုင်ပြုရေးနှင့်ပတ်သက်၍ အကြံပြုချက်များနှင့်စဉ်းစားဆင်ခြင်မှုများ(၂) | ၁၀ |
| ၄။ | ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း | ၂၁ |
| ၅။ | ပုဂ္ဂလိကပိုင်ပြုခြင်း (၂) | ၂၈ |
| ၆။ | ပုဂ္ဂလိကပိုင်ပြုခြင်း (၃) | ၃၄ |
| ၇။ | ပုဂ္ဂလိကပိုင်ပြုခြင်း (၄) | ၃၈ |
| ၈။ | ပုဂ္ဂလိကပိုင်ပြုခြင်း (၅) | ၄၄ |
| ၉။ | ပုဂ္ဂလိကပိုင်ပြုမှု (၆) | ၄၈ |
| ၁၀။ | ပုဂ္ဂလိကပိုင်ပြုမှု (၇) | ၅၄ |
| ၁၁။ | မပြောင်းချင်လို့မရ | ၆၀ |
| ၁၂။ | ဖွေ့စ်ဘုတ်ကပြတဲ့တရား | ၆၃ |
| ၁၃။ | အာဆီယံရှေ့ခရီး(၁) | ၆၅ |
| ၁၄။ | အာရှရှေ့ခရီး (၂) | ၇၀ |
| ၁၅။ | နားခြင်းအတွေ့အကြုံ | ၇၅ |
| ၁၆။ | တိုးပွားနေသည့် အာရှဆေးဝါးကုသရေးလုပ်ငန်းများ | ၇၈ |
| ၁၇။ | လှလှပပ ညစ်ညစ်ပတ်ပတ်ဘောလုံး | ၈၃ |


mgyoe.com

၁၈။ အာရှစီးပွားရေးလုပ်ငန်းများအပြောင်းအလဲ ၈၇
၁၉။ အရှုပ်တွေနဲ့မရှင်းနိုင်သေးမီ ၉၂
၂၀။ ကိုယ့်အရေးမိသားစုအရေး ၉၅
၂၁။ ပြည်တွင်းရေးများနှင့်အာဆီယံ ၉၇
၂၂။ အာဆီယံအသင်းကြီး၏စိန်ခေါ်မှုများ ၁၀၁
၂၃။ ကမ္ဘာမဆန်နိုင်သေးသည့် တရုတ်ယွမ်ငွေ ၁၀၅
၂၄။ ကိုယ့်ကိုယ်ကို မီးမွေးပါ ၁၀၈
၂၅။ ရှေ့ကပြေးတဲ့သူနဲ့ နောက်ပိုင်လုံတဲ့သူ ၁၁၀
၂၆။ တက္ကသိုလ်ပညာဈေးကွက်အပြောင်းအလဲ ၁၁၃
၂၇။ မြန်မာနိုင်ငံ အင်အားအလတ်စားနိုင်ငံဖြစ်လာမယ့် အလားအလာ ၁၁၇
၂၈။ အင်တာနက်အချိတ်အဆက်၏အန္တရာယ်များ ၁၂၁
၂၉။ ပျော်သူတော်သူတွေရဲ့ပွဲ ၁၂၅
၃၀။ ပြင်ပအကူအညီနှင့် စီးပွားရေးတိုးတက်မှု ၁၂၈
၃၁။ ပြည်ပရောက် နိုင်ငံသားများက ပြန်ပို့ငွေနှင့်
တိုင်းပြည်၏စီးပွားရေးတိုးတက်မှု ၁၃၂
၃၂။ ကမ္ဘာ့အသက်မွေးဝမ်းကျောင်းပညာဈေးကွက် ၁၃၆
၃၃။ ကမ္ဘာဆန်လာခြင်းနှင့် ဆူကြုံနိမ့်မြင့်ကွာဟမှု ၁၄၀
၃၄။ တရုတ်နိုင်ငံစီးပွားရေးလုပ်ငန်းပြုပြင်ပြောင်းလဲမှု ၁၄၄
၃၅။ ကမ္ဘာ့အိမ်ယာဈေးကွက် ၁၄၈
၃၆။ ဥရောပအိမ်ရာမြေရာဈေးကွက် ၁၅၁
၃၇။ အလုပ်သင်ဈေးကွက် ၁၅၅
၃၈။ အလုပ်သင်ဈေးကွက် (၂) ၁၆၀
၃၉။ မိုဘိုင်းတယ်လီဖုန်းများ (သို့မဟုတ်) ရွှေ့လျားပစ်မှတ် ၁၆၄
၄၀။ အရပ်ဖက်အဖွဲ့အစည်းများ နိုင်ငံခြားမှအကူအညီရယူခြင်း ၁၆၈
၄၁။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ စုဆောင်းမှု ၁၇၃
၄၂။ အာရှကုမ္ပဏီများ၏စုဆောင်းမှု ၁၇၆
၄၃။ လုပ်ငန်းရှင်တစ်ယောက်၏စွန့်စားမှုများ ၁၇၉
၄၄။ ဆူကြုံနိမ့်မြင့်ကွာဟမှုနှင့် အခွန်ပေးဆောင်သူ
နယ်ပယ်ကျဉ်းမြောင်းလာခြင်း ၁၈၃

mgyoe.com

၄၅။ ကမ္ဘာ့စီးပွားရေး မဟာတတိယလှိုင်း ၁၈၆

၄၆။ အာရှဖွံ့ဖြိုးရေးဘဏ်၏ သုံးသပ်ချက် ၁၉၁

၄၇။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏
မြန်မာနိုင်ငံစီးပွားရေးသုံးသပ်ချက် ၁၉၃

၄၈။ အင်တာနက်၏ စီးပွားရေးလုပ်ငန်းအပေါ်
အကျိုးသက်ရောက်မှု ခန့်မှန်းချက်များလွှဲချော်ခြင်း ၁၉၇

၄၉။ အမှုဆောင်အရာရှိများနှင့် အင်တာနက် ၂၀၁


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၂၀၁၄ ကမ္ဘာ့စီးပွားရေး

ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှင့် ပတ်သက်သော သတင်းကောင်းများကြောင့် အန္တရာယ်နှစ်ခုနှင့် ရင်ဆိုင်ရနိုင်ပါသည်။ အန္တရာယ်တစ်ခုမှာ အတိုးနှုန်းတက်မည့် အန္တရာယ်ဖြစ်ပြီး အခြားတစ်ခုမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်လျှော့မည့် အန္တရာယ်တို့ရှိနေသည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ပြီးဆုံးချိန်မှစ၍ အမေရိကန် လေ့လာသုံးသပ်တွက်ချက်သူများက နှစ်စဉ်နှစ်တိုင်း အလားအလာကောင်းတွေကို တွက်ဆကာ နှစ်တစ်နှစ်ကို စလေ့ရှိကြသည်။ ယခုနှစ်တွင်လည်း ထို့အတူပင် ဖြစ်သည်။ စတော့ရှယ်ယာဈေးကွက်၏ အခြေအနေတွေက ခိုင်မာပီပြင်နေသည်။ စားသုံးသူများ၏ ယုံကြည်စိတ်ချမှုကလည်း ကောင်းမွန်လာနေပြီး ၂၀၁၄ ခုနှစ်တွင် ပိုမိုမြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းတွေ ရရှိနိုင်သည်ဟု တွက်ဆနေသည်။ အမေရိကန် စတန်းဒတ် အင်ပူးဝါး (S&P) စာရင်းဝင် ထိပ်တန်းကုမ္ပဏီ ၅၀၀ တို့၏ ရှယ်ယာအညွှန်းကိန်းသည် ၂၀၁၃ ခုနှစ်တွင် ၃၀% တက်ကာ အနှစ်နှစ်ဆယ်အတွင်း နှစ်စဉ်တိုးတက်မှု အမြင့်ဆုံးရရှိပြီးနောက် စံချိန်သစ်တင်လျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကြောင့် ကမ္ဘာ့စီးပွားရေးသည်ဝယ်နိုင်စွမ်းအား (PPP) ကိုအခြေခံပြီး တွက်လျှင် ၄% ခန့် တိုးတက်မည့် အလားအလာရှိသည်။ ထိုတိုးတက်မှုနှုန်းသည် ၂၀၁၃ ထက် ၁% ပိုမိုမြင့်မားပြီး နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံးဖြစ်သည်။

နှစ်သစ်ကူးချိန်တွင် ဝိုင်းဝန်းဩဘာပေးကြသော်လည်း ဘဏ္ဍာရေးအကျပ်

mgyoe.com

အတည်းဖြစ်ချိန်မှစ၍ နှစ်စဉ်နှစ်တိုင်း အားရဝမ်းသာ မျှော်လင့်ချက်တွေ စိတ်ပျက်စရာ ဖြစ်သွားခဲ့ကြသည်ကိုလည်း မေ့ထားရန်မသင့်ပေ။ ယခုနှစ်တွင် အကြီးမားဆုံး အန္တရာယ်မှာ ထိုအကောင်းမြင်မှုကိုယ်တိုင်ပင် ဖြစ်နေသည်။

ကြွယ်ဝချမ်းသာသော နိုင်ငံများ၌ အခြေအနေတွေ ကောင်းမွန်စပြုလာသည်။ ဗြိတိန်နိုင်ငံတွင် စီးပွားရေး ဦးမော့မှုအရှိန်ရလာနေသည်။ ဂျပန်နိုင်ငံတွင် စားသုံးမှုအခွန်တိုး ကောက်ခဲ့သော်လည်း စီးပွားရေးအဆောက်အအုံကို ထိခိုက်ပုံ မရပေ။ ဥရောပ၏အလား အလာသည်လည်း ယခင်ကလောက် စိတ်ပျက်အားလျော့ဖွယ် မဟုတ်ပေ။ သို့သော် စီးပွားရေးအားမော့လာစေရန် အဓိကမောင်းနှင်သူမှာ အမေရိကန်နိုင်ငံ ဖြစ်သည်။

အမေရိကန်နိုင်ငံသည် အခြေခံ ခိုင်ခိုင်မာမာရှိကာ စီးပွားရေးတိုးတက်မှုရနေခြင်း ဖြစ်သည်။ ပထမအချက်အနေဖြင့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ၏ လက် ကျန်ရှင်းတမ်း အခြေအနေ ကောင်းမွန်လျက် ရှိသည်။ ဥရောပတွင် ပုဂ္ဂလိကကြွေးမြီတွေ လျှော့ချခြင်း မပြုနိုင်သေးသော်လည်း အမေရိကန်နိုင်ငံတွင် ဘဏ္ဍာရေးအကျပ်အတည်းကို အတိတ်မှာ ချန်ထားခဲ့ပြီး ဖြစ်သည်။ သာဓကမှာ အိမ်ရာဈေးနှုန်းများပြန်တက်လာခြင်း ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ဈေးသက်သာစွာ လောင်စာရယူနိုင်ခြင်း၊ နှစ်ပေါင်းများ စွာလုပ်ခနှုန်းများကို ထိန်းချုပ်ထားနိုင်ခြင်းနှင့် အတန်အသင့် တန်ဖိုးကျနေသော ဒေါ်လာတို့ ကြောင့်အမေရိကန် နိုင်ငံသည် ပြိုင်ဆိုင်နိုင်စွမ်း ကောင်းမွန်နေသည်။ ထိုအကြောင်းအရာ နှစ်ရပ်ကြောင့်အလုပ်အကိုင် ရရှိမှုနှုန်းထားကို မြန်ဆန်လာစေပြီး ရှယ်ယာဈေးနှုန်းတွေ လည်း တက်လာခြင်းကြောင့်စားသုံးသူများ၏ သုံးစွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ အနာဂတ်တွင် တိုးတက်လာမည့် အလားအလာများကိုတွေ့ကြုံနေရသည်။ နောက်ဆုံးတွင် ဘဏ္ဍာရေး အခက်အခဲတွေ့နေရသည့် ပြဿနာသည်လည်း လျော့ပါးစပြုလာသည်။ ၂၀၁၃ ခုနှစ်တွင် ဗဟိုအစိုးရသည် ဂျီဒီပီ၏ ၁.၇၅% ကို သုံးစွဲခဲ့သည်။ အခွန်တွေထက် အသုံးစရိတ်တွေကို လျှော့ချခဲ့သည်။ မကြာသေးမီကရရှိသော သဘောတူညီချက်အရ ယခုနှစ်တွင် ဂျီဒီပီ၏ ၀.၅% ထိ လျှော့ချနိုင်မည်။ အထက်ပါ အကြောင်းတရားများအားလုံးက ၂၀၁၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ယခင် ခန့်မှန်းထားသည်ထက်မြင့်မားကာ ၃% ဝန်းကျင်အထိ တက်သွားစေမည်။

အမေရိကန်အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ၏ အသုံးစရိတ် တိုးမြင့် လာမှုကြောင့် တရုတ်နိုင်ငံမှအစ ဂျာမနီအဆုံး ကမ္ဘာအနှံ့တွင်ထုတ်လုပ်သော ကုန်စည် နှင့် ဝန်ဆောင်မှုများ၏ ဝယ်လိုအား မြင့်မားလာလိမ့်မည်။ ယခင်ကလို အမေရိကန်တွေက

mgyoe.com

mgyoe.com
နိုင်ငံခြားဖြစ်ပစ္စည်းတွေကို မက်မက်စက်စက် မရှိတော့။ ၁၅ နှစ်အတွင်း ပြည်ပငွေပေး ငွေယူရှင်းတမ်း သာမန်စာရင်းလိုငွေသည် ဂျီဒီပီ၏ ၂.၂% အထိ ကျဆင်းခဲ့ရာ ၁၅ နှစ်အတွင်း အနိမ့်ဆုံး ဖြစ်သည်။ သို့သော်လည်း အမေရိကန်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံသည် ကြီးမားလှသည်ဖြစ်ရာ အသုံးစရိတ်မြင့်မားလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင်ပို့ကုန်များ မြင့်တက်လာစေမည် ဖြစ်သည်။ ထို့ကြောင့် ဥရောပမှ ဂျပန်အထိ ပြည်တွင်းတွင် ယုံကြည်စိတ်ချမှု မြင့်မားလာစေမည်။

ပြဿနာတစ်ခုမှာ အမေရိကန်၏ စီးပွားရေးအဆောက်အအုံကကျန်ကမ္ဘာတစ်ဝန်းသို့ ဂယက်ရိုက်ခတ်ရာတွင် ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုတည်း မဟုတ်သလို အဓိက လမ်းကြောင်းလည်း မဟုတ်နေခြင်း ဖြစ်သည်။ ယခုအချိန်တွင် ရှယ်ယာဈေးနှုန်းတွေ ထိုးတက်နေခြင်းကိုကြည့်လျှင် ဘဏ္ဍာရေးဈေးကွက်များသည် ဩဇာကြီးမားကြောင်းတွေ့ရသည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာသည်နှင့် အမျှ ရင်းနှီးမြှုပ်နှံသူများက ဗဟိုဘဏ်သည် မူလက လျာထားသော ၂၀၁၅ ခုနှစ် နှစ်လယ်ထက်စော၍ အတိုးနှုန်းများမြှင့်တင်မည်ဟု တွက်ဆလာဖွယ်ရှိသည်။ ထိုအခါ ငွေချေးစာချုပ်များမှရရှိသော အကျိုးအမြတ်လည်းသိသိသာသာ မြင့်မားလာနိုင်သည်။

ဗဟိုဘဏ်အရာရှိများက ငွေချေးစာချုပ်တွေ လိုက်လံဝယ်ယူမှု အရှိန်လျော့သည်တိုင်အတိုးနှုန်းတွေကို အလျော်သုံးဆယ် မြှင့်တင်ခြင်း ပြုမည် မဟုတ်ဟု ရှင်းရှင်းလင်းလင်း ကြေညာခဲ့ပြီးဖြစ်သည်။ သို့သော်လည်း စီးပွားရေးအဆောက်အအုံ တိုးတက်မှု မြန်ဆန်လာလေ ရင်းနှီးမြှုပ်နှံသူတွေကအတိုးနှုန်းတွေ မြှင့်တော့မည်ဟု ယုံကြည်လေ ဖြစ်လာကြသည်။ ဤတိုန်တွင် စီးပွားရေးတိုးတက်မှုကြောင့်ဗဟိုဘဏ်က အတိုးနှုန်းတွေ မြှင့်တော့မည်ဟု မျှော်လင့်စရာ ဖြစ်လာသည်။ အမှန်စင်စစ် ဗဟိုဘဏ်ကအတိုးနှုန်းမြှင့်မည် မဟုတ်ဟု ပြောထားပြီး ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် စီးပွားရေးတိုးတက်မှုနှုန်း မြန်ဆန်လာခြင်းကြောင့် ငွေချေးစာချုပ်များမှရသော အကျိုးအမြတ်တွေ တက်လာလျှင်စီးပွားရေး တိုးတက်မှုအရှိန်အဟုန်ကို ထိပါးနိုင်သည်။ ဗဟိုဘဏ်က ကမ္ဘာ့ငွေရေးကြေးရေးအခြေအနေကို ဩဇာလွှမ်းမိုးနိုင်ရာ ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးတိုးတက်မှုတွေ နှေးကွေးသွားစေနိုင်သည်။

ပို၍သိမ်မွေ့ပြီး ပို၍အန္တရာယ်ကြီးသော ကိစ္စတစ်ခုမှာ စိတ်အေးလက်အေးဖြစ်သွားမည့် အန္တရာယ်ဖြစ်သည်။ နိုင်ငံရေးသမားတွေက ခက်ခဲသော ပြုပြင်ပြောင်းလဲမှုတွေလုပ်ရန်ထက် စီးပွားရေးတိုးတက်မှုအတွက် အမှတ်ဝင်ယူရန်ပို၍ စိတ်အားထက်သန်တတ်ကြသည်။ မကြာမီက ဥရောပတွင် စီးပွားရေးအခြေအနေနှင့် ပတ်သက်သည့် သတင်းကောင်း
mgyoe.com

mgyoe.com

တွေ ထွက်ပေါ်လာပြီး နောက်ဘဏ်လုပ်ငန်း သမဂ္ဂတည်ထောင်ရေး အစီအစဉ်များ နောက်ဆုတ်သွားခဲ့သည်။ ချမ်းသာကြွယ်ဝသော နိုင်ငံများတွင် လုပ်စရာတွေက များပြားလုရာ အချို့အလုပ်တွေကို နောက်ပို့ပစ်တတ်ကြသည်။အမေရိကန်နိုင်ငံတွင် နှစ်ရှည်လများ လူပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်နေသည့် ပြဿနာနှင့် မသန်စွမ်းထောက်ပံ့ကြေး တိုးပွားလာသည့် ပြဿနာများကိုလည်းဖြေရှင်းရန် ရှိနေသေးသည်။

ဗြိတိန်သည် အိမ်ရာစီမံကိန်း စည်းမျဉ်းစည်းကမ်းများကို လျှော့ချခြင်းမပြု၊ လေဆိပ်၊ လမ်းနှင့်အခြား အခြေခံ အဆောက်အအုံများတွင်ပို၍ ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြလျှင် အိမ်ဈေးနှုန်းတွေ တက်နေခြင်းကို အားကိုးအားထားပြုနေရမည် ဖြစ်သည်။ ယူရိုဇုန်သည် ပုဂ္ဂလိက ကြွေးမြီတွေကို လျှော့ချခြင်းမပြုနိုင်၊ လူငယ်တွေကို အလုပ်ခွင်ထဲ ဆွဲမသွင်းနိုင်သေးလျှင် အမှန်တကယ် ကြွယ်ဝချမ်းသာမှုကိုမရရှိနိုင်။

အလွန်အမင်း အားရဝမ်းသာဖြစ်နေလျှင် အထက်ပါအချက်များကို ထည့်သွင်း စဉ်းစားရပါမည်။

(အီကောနောမစ်)

❑

mgyoe.com

mgyoe.com

# မြန်မာနိုင်ငံ၊ ပုဂ္ဂလိကပိုင်ပြုရေးနှင့် ပတ်သက်၍ အကြံပြုချက်များနှင့် စဉ်းစားဆင်ခြင်မှုများ

၁။ မြန်မာနိုင်ငံ ပုဂ္ဂလိကပိုင်ပြုရေး တိုးတက်ကောင်းမွန်လာစေရန် အကြံပြုချက်များနှင့် စဉ်းစားတွေးတောမှုများမှာ၊ အောက်ပါအတိုင်း ဖြစ်သည်။

၂။ ပထမအချက်အနေဖြင့်၊ အခြားနိုင်ငံများမှာကဲ့သို့ပင်၊ ပုဂ္ဂလိကပိုင်ပြုရေးသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွင်၊ အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

၃။ ဒုတိယအချက်အနေဖြင့်၊ ပုဂ္ဂလိကပိုင်ပြုရေးသည် အလွန်ခက်ခဲရှုပ်ထွေးပြီး၊ အလွန်အငြင်းပွားရသော ကိစ္စဖြစ်သည်။ လူမှုရေးနှင့် နိုင်ငံရေးရှုထောင့်မှ စိုးရိမ်စရာ ကိစ္စများလည်း တွေ့ကြုံပေါ်ပေါက်လာရသည်။ ထိုအခြေအနေများကို ကောင်းကောင်း နားလည်သဘောပေါက်လျှင် ထိုစိုးရိမ်ပူပန်စရာတွေအားလုံးကို ပြေလည်စေမည့် အများလက်ခံနိုင်သော အဖြေတစ်ရပ်ထွက်ပေါ်လာစေရန်၊ အထောက်အကူဖြစ်သည်။

၄။ တတိယအချက်အနေဖြင့်၊ ပုဂ္ဂလိကပိုင်ပြုရေး လုပ်ငန်းစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရာတွင်၊ မည်သည့်အခါမှ၊ လွယ်ကူသည်ဟူ၍ မရှိပါ။ အကောင်အထည်ဖော်ရာတွင် နတ်ဆိုးနှင့်တွေ့တတ်သည်ဟူသော စကားရှိပါသည်။ ထို့ကြောင့် အမှားအယွင်းတွေရှိနေကြောင်း၊ စိတ်ချထားလိုက်ပါ။ အခြားနိုင်ငံအသီးသီးတွင်လည်းဖြစ်ခဲ့ပြီးဖြစ်သည်။ အရေးကြီးသည်မှာ၊ အမှားလုပ်မိတာ

mgyoe.com

mgyoe.com

တွေထက် အမှန်လုပ်မိတာတွေကပို၍များအောင် ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။

၅။ စတုတ္ထအချက်အနေဖြင့်၊ ဤအကြောင်းအရာနှင့်ပတ်သက်၍၊ မြန်မာစာနယ်ဇင်းများက၊ အထူးစိတ်ဝင်စားမှုရှိသည်ကို တွေ့ရပါသည်။ သတင်းများကိုလည်း ကောင်းမွန်စွာ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်များ ဖြောင့်မတ်မှန်ကန်ရေးအတွက်၊ စာနယ်ဇင်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု ယုံကြည်ပါသည်။ သို့သော်လည်း အထိခိုက်မခံအောင်သိမ်မွေ့ကာ၊ အငြင်းပွားစရာတွေများတတ်သော သဘောရှိသဖြင့်၊ စာနယ်ဇင်းများက၊ မျှမျှတတရေးသားတင်ပြရန် အရေးကြီးပါသည်။ စုံစမ်းဖော်ထုတ်ရေးသားစေလိုပါသည်။ ကောင်းတာတွေရော၊ မကောင်းတာတွေကိုပါ ဖော်ပြပါ။ သို့မှသာ အရောင်အသွေးစုံသော သတင်းဖြစ်ပြီး စာနယ်ဇင်း၏ ပုံမှန်အရသာကို ခံစားနိုင်မည် ဖြစ်သည်။

၆။ ပဉ္စမအချက်အနေဖြင့်၊ ကမ္ဘာတစ်ဝန်းတွင်၊ ပုဂ္ဂလိကပိုင်ပြုရေးကို လူကြိုက်နည်းပါသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူအတော်များများက၊ ပုဂ္ဂလိကပိုင်ပြုခြင်းကြောင့်၊ အစိုးရနှင့်နီးစပ်သူလုပ်ငန်းရှင်များသည်၊ နိုင်ငံ့မှမိသားစုပိုင်ရတနာများနှင့်အတူ ထွက်ခွာသွားကြမည်ဟု စိတ်မချမ်းမသာ ဖြစ်နေကြသည်။ အချို့နိုင်ငံများတွင်၊ ပုဂ္ဂလိကပိုင်ပြုမှုကြောင့် ပေါ်ပေါက်လာတတ်သော အားနည်းချက်များနှင့်ပတ်သက်၍လည်း၊ စိုးရိမ်မကင်း ဖြစ်နေကြသည်။

၇။ ဆဋ္ဌမအချက်အနေဖြင့်၊ မြန်မာနိုင်ငံတွင်၊ ယခုအချိန်၌ ပုဂ္ဂလိကပိုင်ပြုမှုကြောင့် ပေါ်ပေါက်လာမည့် အားနည်းချက်များနှင့် ပတ်သက်၍ စိုးရိမ်စရာမလိုဟု ရှုမြင်ပါသည်။ အဘယ်ကြောင့်ဆိုသော်–

(က) မြန်မာနိုင်ငံတွင်၊ ယခုအခါ၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး ဟူ၍ မဏ္ဍိုင်ကြီးသုံးရပ် ရှိနေသည်။ မဏ္ဍိုင်ကြီးသုံးရပ်အကြားတွင် သင့်တော်သော အပြန်အလှန်ထိန်းကျောင်းမှု၊ ထိန်းချုပ်မှုလည်း ရှိနေသည်။ သို့ဖြစ်၍၊ နိုင်ငံ၏ စီးပွားရေးကို ထိခိုက်နိုင်သောမူဝါဒကြောင့် ပေါ်ပေါက်လာသည့် အစွန်းရောက်ဖြစ်ရပ်မျိုး ရှောင်ရှားနိုင်ပါမည်။

(ခ) အကယ်၍ မြန်မာအစိုးရလက်ထဲတွင်၊ ထူးထူးခြားခြား ပိုင်ဆိုင်မှုတွေ ကြွယ်ဝမှုတွေ ရှိနေခဲ့လျှင် ထူးထူးခြားခြားအခက်အခဲတွေ ပြဿနာတွေ တွေ့နိုင်ကြုံနိုင်သည်။ ရုရှားနိုင်ငံတွင်၊ အထူးပြဿနာကြုံတွေ့ရခြင်းမှာ၊ ဒေါ်လာ (၁.၅)

mgyoe.com

mgyoe.com

ထရီလီယံခိုးယူခံရသည်ဆိုခြင်းကြောင့် ဖြစ်သည်။ ရုရှားနှင့်နိုင်းယှဉ်လျှင် လောလောဆယ်တွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ဒေါ်လာ (၂၁) ဘီလီယံမျှသာ ရှိသည်။ ထို့အပြင်၊ အခြားနိုင်ငံများကဲ့သို့ပင်၊ မြန်မာအစိုးရသည် မြေပေါ်မြေအောက်ပိုင်ဆိုင်မှု အစုစုတို့ကို၊ တိတိကျကျ၊ သေသေချာချာ ခန့်မှန်းတွက်ချက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် မည်မျှအခိုးခံရမည်ကိုပင်၊ ရှင်းရှင်းလင်းလင်း မသိနိုင်သဖြင့် ကြီးကြီးမားမားဆုံးရှုံးနိုင်မည်မဟုတ်ဟု ဆိုရခြင်းဖြစ်ပါသည်။

## ကိစ္စရပ် - ၁ - ကိုယ်ဘယ်ရောက်နေသနည်း?

၁။ မည်သည့်နေရာသို့မျှ မသွားသေးမီ၊ လောလောဆယ်တွင် ကိုယ်ဘယ်နေရာရောက်နေသည်ကို သိရှိရန် လိုပါသည်။ သို့ဖြစ်၍၊ ဤကိစ္စကို ပထမဦးစွာစဉ်းစားရပါမည်။

၂။ ယခုအလောလောဆယ်၊ ကိုယ်ဘယ်ရောက်နေသလဲဟု မေးရာတွင်၊ ယခု လောလောဆယ်ကို အစိပ္ပာယ်သတ်မှတ်ရန် လိုပါသည်။ ဤစာတမ်းအတွက်၊ ဦးသိန်းစိန် သမ္မတတာဝန်ယူချိန်မှစ၍၊ အကျုံးဝင်သောကာလကို ရည်ရွယ်ပါသည်။

၃။ ဤကာလအတွင်းတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကပိုင်ပြုရေးနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ထိုအထဲတွင် နိုင်ငံ၏ပိုင်ဆိုင်မှုများကို ပုဂ္ဂလိက လက်ထဲသို့ အမှန်တကယ်လွှဲပြောင်းခြင်းများ ပါဝင်သည်။ ယခင်က အစိုးရလုပ်ခဲ့သောလုပ်ငန်းများကို လုပ်ငန်းရှင်များ ပုဂ္ဂလိကလုပ်ငန်းများသို့ ငှားရမ်းခြင်း စာချုပ်ချုပ်ဆို ဆောင်ရွက်စေခြင်းလည်း ပါဝင်သည်။ ဆွေးနွေးပွဲများတွင် သုံးသပ်အကြံပြုချက်နှင့် တွေ့ရှိချက်များ၊ သတင်းထုတ်ပြန်ခြင်းများလည်း ရှိသည်။

၄။ ထိုအချက်အလက်များ သတင်းများကို စုဆောင်းရပါမည်။

## ကိစ္စရပ် - ၂ - ရရှိနိုင်သမျှသော သတင်းအချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း

၁။ မြန်မာနိုင်ငံတွင် လက်ရှိပုဂ္ဂလိကပိုင်ပြုမှု အခြေအနေကို၊ ရှင်းရှင်းလင်းလင်း မျှမျှတတမြင်နိုင်အောင် စုဆောင်းရရှိသော သတင်းအချက်အလက်များကို သုံးသပ်ခြင်း၊ စိစစ်ခြင်း၊ စုစည်းခြင်းပြုလုပ်ဆောင်ရွက်ရပါမည်။

၂။ ဤလုပ်ငန်းများကို လူငယ်အုပ်စုတစ်ခုက ဆောင်ရွက်ပါမည်။

mgyoe.com

mgyoe.com

၃။ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဘက်များနှင့် ညှိနှိုင်းတိုင်ပင်ကာ၊ လူငယ်လေး၊ငါးဦးပါဝင်သောအဖွဲ့များကို ဖွဲ့စည်းပါမည်။

၄။ သင့်တော်သော လမ်းညွှန်မှုများ၊ ထိုအုပ်စုလေးများကို ပြုလုပ်မည်ဖြစ်သော်လည်း ၎င်းတို့၏တာဝန်ကိုထမ်းဆောင်ရာတွင်၊ ထိုက်သင့်သော လွတ်လပ်ခွင့်ရရှိပါမည်။

၅။ မြန်မာ့ဖွံ့ဖြိုးရေး အရင်းအမြစ်သိပ္ပံ (MDRI) ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုဗဟိုဌာန (CESD)၏ နည်းပညာနှင့် အုပ်ချုပ်ရေးဝန်ထမ်းများက၊ ၎င်းတို့နှင့် ပူးတွဲလုပ်ဆောင်ပါမည်။

## ကိစ္စရပ် - ၃ - ဘာကြောင့် ဘာတွေ ပုဂ္ဂလိကပိုင်လုပ်ခဲ့သနည်း?

၁။ ရောင်းချခြင်း၊ စာချုပ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းနည်းတို့ဖြင့် ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့သော လုပ်ငန်းများဟုဆိုရာတွင် နယ်ပယ်ကျယ်ဝန်းပါသည်။ မြေယာများ၊ အဆောက်အအုံများ ဆောက်လုပ်ရေး၊ စက်ရုံများ နိုင်ငံပိုင်လုပ်ငန်းများ၊ လေဆိပ်များ၊ ဆိပ်ကမ်းများ၊ အများပြည်သူသွားလာရေးလုပ်ငန်းများ၊ ဓာတ်ဆီဆိုင်များ၊ ဘဏ်များ၊ အာမခံလုပ်ငန်းများအစရှိသည်တို့အပြင်၊ ဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်ပါသည်။

၂။ ရှေ့တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရခြင်း၏ အကြောင်းပြချက် (၉) ခုကို ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ထိုအကြောင်းပြချက်များ မည်သို့ဆောင်ရွက်ခဲ့သည်ကို ကြည့်ကာ၊ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမူဝါဒ၏ အောင်မြင်မှုကို တိုင်းတာရာတွင် အသုံးဝင်ပါသည်။

## ကိစ္စရပ် - ၄ - မည်သူက ဦးဆောင်သည်

၁။ ရရှိသော သတင်းအချက်အလက်များကို သုံးသပ်ကာ၊ မည်သို့ဆောင်ရွက် ထားသည်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးမူဝါဒချမှတ် အကောင်အထည်ဖော်ရာတွင် မည်သူက ကြီးကြပ်ဆောင်ရွက်သည်ကို သတ်မှတ်နိုင်ပါမည်။

၂။ ပုဂ္ဂလိကပိုင်ပြုရေး၊ အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရာတွင် ခက်ခဲရှုပ်ထွေးပြီး အစိုးရသည် အများအားဖြင့်လိုအပ်သော ကျွမ်းကျင်မှုနှင့် အုပ်ချုပ်ရေးစွမ်းရည်မရှိပါ။

၃။ သို့ဖြစ်၍၊ ထိုလုပ်ငန်းကိုဆောင်ရွက်နိုင်သည့် စွမ်းရည်နှင့်လုပ်ပိုင်ခွင့်ရှိသော အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုကို၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ် စီမံကိန်း
mgyoe.com

mgyoe.com
ရေးဆွဲ ကြီးကြပ်ရေးတာဝန်ကို အပ်နှင်းရပါမည်။

၄။ ထိုအဖွဲ့အစည်းက၊ ရှေ့နေများ၊ စာရင်းကိုင်များ၊ ဘောဂဗေဒပညာရှင်များ၊ ကုမ္ပဏီကျွမ်းကျင်သူများ အစရှိသည့် ကျွမ်းကျင်သူများကို အားကိုးကာ၊ ပိုင်ဆိုင်မှုများကို တန်ဖိုးသင့်ခြင်း၊ ရောင်းချရန် ဈေးနှုန်းသတ်မှတ်ခြင်း၊ ရောင်းချငွေးရမ်းဖြန့်ခွဲရန် ညှိနှိုင်းခြင်းတို့ကို ပြုလုပ်ရပါသည်။

ကိစ္စရပ် - ၅- မည်သို့လုပ်ဆောင်မည်

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်သည့်နည်းလမ်းတွေ ပုံသဏ္ဌာန်တွေ အမျိုးမျိုးရှိပါသည်။ ရှောင်ရှားလှည့်ပတ်စရာ နည်းလမ်းတွေရှိမည်ဟုလည်း ကျွန်တော်တို့ သံသယရှိကြသည်။

၂။ ဘောက်ချာတွေထုတ်ပေးကာ၊ ပုဂ္ဂလိကပိုင်ပြုလုပ်သည့်နည်းကို အသုံးမပြုသင့်ပါ။ ကျွန်တော်တို့လို အသွင်ကူးပြောင်းဆဲနိုင်ငံများတွင်၊ ထိုနည်းအဆင်မပြေပါ။ မျှော်လင့်ထားသည့် အရှုပ်အထွေးတွေထဲ ရောက်သွားသဖြင့်၊ စာနယ်ဇင်းတွေက ကောင်းကောင်းကြီး ဒုက္ခပေးပါလိမ့်မည်။ ဘောက်ချာတွေနှင့်လဲစရာ၊ ကုမ္ပဏီများ၏ ရှယ်ယာလည်း မရှိပါ။ ဝယ်၍ အမြတ်ရမည်ထင်လျှင်၊ ငွေကိုင်ပြီးလုပ်ငန်းရှင်တွေက စောင့်နေကြပါမည်။

❑

mgyoe.com

mgyoe.com

## မြန်မာနိုင်ငံပုဂ္ဂလိကပိုင်ပြုရေးနှင့်ပတ်သက်၍ အကြံပြုချက်များနှင့်စဉ်းစားဆင်ခြင်မှုများ(၂)

၃။ အလားတူပင်၊ လောလောဆယ်၌၊ ရှယ်ယာတွေထုတ်ရောင်းသည့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကိုလည်း ကျင့်သုံး၍မဖြစ်ပါ။

၄။ သို့ဖြစ်၍၊ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများအား လေလံပစ်ကာ တိုက်ရိုက်ရောင်းချခြင်း လုပ်ငန်းရှင်များ ၊ ကုမ္ပဏီများအား စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံခြင်းသာ ကျန်ရှိတော့သည်။

**ကိစ္စရပ် ၆ တတိယနည်းလမ်း အများပြည်သူ- ပုဂ္ဂလိက- ပူးတွဲလုပ်ဆောင်မှု**

၁။ ပြည်သူများ မကျေနပ်ဖြစ်စေနိုင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အရောင်းချသည့် အလုပ်ကိုမလုပ်ဘဲ တတိယနည်းလမ်းဖြစ်သည့် အစိုးရ၏ပိုင်ဆိုင်မှုအောက်တွင်ထားရှိပြီး နိုင်ငံပိုင်လုပ်ငန်းကို စီမံခန့်ခွဲရန် ပုဂ္ဂလိကလုပ်ငန်းကို ငှားရမ်းခြင်း၊ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းကို ငှားရမ်းခြင်းလည်း ပြုလုပ်နိုင်သည်။

၂။ မကြာသေးမီ နှစ်များအတွင်းတွင် အများပြည်သူပုဂ္ဂလိကပူးတွဲလုပ်ဆောင်မှု ခေတ်စားလာခဲ့သည်။

၃။ ဤသို့ဆောင်ရွက်ခြင်းမှာ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းများအား စီမံခန့်ခွဲမှုနှင့်ဆက်နွယ်သော ယေဘုယျပြဿနာများကြောင့် ဖြစ်သည်။

၄။ အများအားဖြင့် ပြည်သူပိုင်လုပ်ငန်းများတွင် ပြည်သူ့ဝန်ထမ်းများသည် ထိပ်တန်း

mgyoe.com

mgyoe.com
တာဝန်များ ရယူထားကြလေ့ရှိသည်။ သို့သော် စီးပွားရေးလုပ်ငန်း အတွေ့အကြုံ အနည်းငယ်သာရှိသော အစိုးရအရာရှိကြီးများသည်ထိရောက်သော ခေါင်းဆောင်မှုနှင့် လမ်းညွှန်မှုပေးနိုင်ခြင်း မရှိကြပေ။

၅။ ထို့ပြင် နိုင်ငံရေးနယ်ပယ်က ဝင်ရောက်စွက်ဖက်ခြင်း၊ လွတ်လပ်စွာ ဆောင်ရွက်ခွင့်မရခြင်းတို့ကြောင့် အရည်အချင်းရှိသော မန်နေဂျာများသည် ပြည်သူပိုင်ကဏ္ဍတွင် ကြာရှည်မနေကြဘဲ ထွက်သွားလေ့ရှိသည်။

၆။ နိုင်ငံပိုင်လုပ်ငန်း၏ တစ်စိတ်တစ်ဒေသကို ပုဂ္ဂလိကလုပ်ငန်းများအား ဝန်ဆောင်မှု စာချုပ်ချုပ်ဆိုဆောင်ရွက်စေခြင်း၊ စီးပွားရေးလောကမှထင်ရှားသော ပုဂ္ဂိုလ်များအား ဒါရိုက်တာအဖွဲ့တွင်ပါဝင်ရန် ဖိတ်ခေါ်ခြင်းတို့ကို အချို့သော နိုင်ငံများတွင် ကျင့်သုံးပါသည်။

၇။ သို့သော်လည်း ပြည်သူပိုင်လုပ်ငန်းများကို ပုဂ္ဂလိကက စီမံခန့်ခွဲရန် ကြိုးစားရာတွင် အကန့်အသတ်များလည်း ရှိပါသည်။

၈။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မန်နေဂျာကောင်းများသည် ရှားပါးပါသည်။ ထို့ကြောင့် ၎င်းတို့ကို ပုဂ္ဂလိကကဏ္ဍတွင် အလုပ်မလုပ်စေဘဲ ပြည်သူပိုင်ကဏ္ဍတွင် အလုပ်လုပ်ခိုင်းလျှင် ထင်သလောက် နိုင်ငံအတွက် အကျိုးမရှိပါ။

၉။ ထိုသို့မဖြစ်ဘဲ နိုင်ငံအတွက်အမှန်တကယ် ဆုံးရှုံးမှုပင်ဖြစ်စေနိုင်ပါသည်။ ကုမ္ပဏီ၏ဥက္ကဋ္ဌ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးက မိမိ၏ကုမ္ပဏီတွင်လုပ်စရာရှိသည့် အလုပ်တွေကို ကောင်းကောင်းမလုပ်ရဘဲ ဝန်ကြီးနှစ်ဆယ့်သုံးယောက်ပါဝင်သည့်ကော်မတီ၌ တစ်ယောက်နှင့်တစ်ယောက်ကိုသော်လည်းကောင်း ပုဂ္ဂလိကကုမ္ပဏီမှ ပုဂ္ဂိုလ်ကိုလည်းကောင်း နိုင်ငံ၏စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်ကြောင်း အပြန်အလှန် လက်ညှိုးထိုးနေသည့် အစည်းအဝေးကို တက်ရောက်နေရသည့်အတွက် အကျိုးမများပါ။

ကိစ္စရပ် ၇ နိုင်ငံ၏ပိုင်ဆိုင်မှုများနှင့် ၎င်းတို့၏တန်ဖိုးကို တိတိကျကျ လက်ကျန်စာရင်း ကောက်ယူခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရာတွင် နိုင်ငံ၏ပိုင်ဆိုင်မှုများနှင့် ၎င်းတို့၏တန်ဖိုးကို ကောင်းမွန်စွာ သိရှိရေးသည် အဓိကကျပါသည်။

၂။ ဤလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အကြံပြုထားသောပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က တန်ဖိုးသတ်မှတ်နိုင်သော စွမ်းရည်ကို ဤနေရာတွင် ထိထိရောက်ရောက် အသုံးချနိုင်ပါသည်။

mgyoe.com

၃။ မြေပေါ်မြေအောက်ပိုင်ဆိုင်မှုများကို ယခုအခါစိတ်ပါဝင်စားမှုများပြားလျက်ရှိပါသည်။

၄။ ပိုင်ဆိုင်မှုအားလုံးကို ရောင်းချခြင်း၊ ငှားရမ်းခြင်း မပြုလုပ်နိုင်ကြောင်း ရှင်းပါသည်။ မဟာဗျူဟာမြောက် ပိုင်ဆိုင်မှုများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း မပြုလုပ်နိုင်ပါ။ အမျိုးသားအမွေအနှစ်များဟူ၍ သတ်မှတ်ခံရသည့် ပိုင်ဆိုင်မှုများသည်လည်း အလားတူပင် ဖြစ်ပါသည်။

၅။ ဥပမာအားဖြင့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်သည် အမျိုးသားအမွေအနှစ်ဖြစ်ပါသည်။ ထိုအဆောက်အအုံကို မသင့်တော်သည့်နေရာတွင် အသုံးပြုသောအခါ ကျောင်းသားကျောင်းသူများ တက်ရောက်ကန့်ကွက်ခဲ့ကြသည်။ ယခင်နှင့်လက်ရှိ တက္ကသိုလ်ဆရာ ဆရာမများကလည်း အလားတူရှုမြင်ကြပါသည်။

ကိစ္စရပ်ရလဒ်များကိုအကဲဖြတ်ခြင်း

၁။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြုလုပ်ခဲ့ကြပါသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ငန်းများကိုလက်ပြောင်း တာဝန်ယူလည်ပတ်လာကြပါသည်။ ထိုအခါ လုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ပိုင်ရှင်အသစ်များက မည်သို့လုပ်ဆောင်ကြသနည်း? ဘာတွေလုပ်ဆောင်ကြသနည်း။ စွမ်းဆောင်ရည်တွေ တက်လာသလား? စွမ်းဆောင်ရည်တွေ တက်လာသည်ဆိုလျှင် မည်သို့အထောက်အထားတွေရှိပါသနည်း၊ တက်နိုင်လာခြင်းမရှိလျှင်လည်း အဘယ်ကြောင့်တက်မလာရသနည်း။

၂။ ပုဂ္ဂလိကပိုင်အဖြစ်ပြုလုပ်မှုကြောင့်ပေါ်ထွက်လာသော လူမှုရေးအရနစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဆွေးနွေးဖြေရှင်းပေးနိုင်ရန် လုံလောက်သောပြဋ္ဌာန်းချက်များ ရှိရပါသည်။

၃။ ထိုလူမှုရေးအရ ထိခိုက်နစ်နာမှုများတွင် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ စက်ရုံပိတ်ရခြင်း၊ ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် လူမှုဖူလုံရေးစရိတ်များ လျော့ကျခြင်းစသည် တို့သည်၊ ရေတိုတွင်၊ ဆိုးရွားပြီး အရေးကြီးပါသည်။

၄။ ထိုအခက်အခဲများ လျော့ပါးစေမည့်၊ ထိခိုက်နစ်နာမှု လျော်ကြေးအစီအစဉ်၊ ပြန်လည်လေ့ကျင့်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်၊ အလုပ်မှ ထုတ်ပယ်ခြင်းခံရသည့် အလုပ်သမားများအား၊ ၎င်းတို့၏ကိုယ်ပိုင်လုပ်ငန်းများ တည်ထောင်နိုင်ရန်အတွက်၊ အထူးချေးငွေပေးမည့် အစီအစဉ်များရှိထားရပါမည်။

ကိစ္စရပ် ၉ ပြိုင်ဆိုင်နိုင်စွမ်းရှိသော စီးပွားရေးပတ်ဝန်းကျင်နှင့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံအဆောက်အအုံ

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး၏အရေးကြီးသော ရည်မှန်းချက်တစ်ရပ်မှာ၊ စီးပွားရေးလုပ်ငန်းများသည်၊ ဈေးကွက်၏ စည်းမျဉ်းစည်းကမ်းများအတိုင်း၊ ပြိုင်ဆိုင်မှုအင်အားများအတိုင်း လည်ပတ်ခြင်းဖြင့်၊ စွမ်းရည်မြင့်မားစေရန် ဖြစ်ပါသည်။

၂။ သို့ဖြစ်၍၊ အောင်မြင်မှုရရှိရေးအတွက်၊ ကြိုတင်လိုအပ်ချက်မှာ၊ စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှု၊ စွန့်စားတီထွင်ဆောင်ရွက်မှု၊ ဝယ်လိုအား ရောင်းလိုအားတို့ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်မှုတို့ဖြစ်စေမည့်၊ မူဝါဒဘောင်နှင့်၊ တရားဥပဒေရေးရာ ပတ်ဝန်းကျင်တို့ကို ဖန်တီးပေးရန်ပင်ဖြစ်သည်။

၃။ သို့ဖြစ်၍၊ ပုဂ္ဂလိကပိုင်ပြုမှုနှင့်အတူ၊ လွတ်လပ်ခွင့်ပြုမှုနှင့် ဖြေလျှော့မှုများ၊ တွဲဖက်ကျင့်သုံးရန် လိုအပ်ပါသည်။

၄။ ထို့အပြင်၊ လက်ဝါးကြီးအုပ်ခွင့်ရသော အခြေအနေအောက်တွင် လည်ပတ်နေသော ပြည်သူပိုင်လုပ်ငန်းတစ်ခုကို၊ ပုဂ္ဂလိကလက်အောက်သို့ လွှဲပြောင်းပေးလိုက်သောအခါ၊ အများပိုင်လုပ်ငန်းတစ်ခု၏ လက်ဝါးကြီးအုပ်မှုအောက်မှ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတစ်ခု၏ လက်ဝါးကြီးအုပ်မှုဖြင့် အစားထိုးလိုက်ခြင်းဖြစ်သွားပါသည်။ ထိုအခြေအနေအောက်တွင်၊ အစိုးရသည်၊ ထိုပုဂ္ဂလိကပိုင်ဖြစ်သွားသော လုပ်ငန်းကို၊ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ကာ၊ စားသုံးသူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်ရပါမည်။

ကိစ္စရပ် ၁၀၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေ

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဥပဒေရှိရန်၊ အလွန်တရာ လိုအပ်လှပါသည်။

၂။ ဤအကြောင်းအရာနှင့် ပတ်သက်၍၊ လွှတ်တော်တွင် ထိထိရောက်ရောက် ဆွေးနွေးနိုင်လျှင်၊ ထူးထူးခြားခြား၊ အကျိုးများနိုင်ပါသည်။

၃။ ထိုဥပဒေကို ပြဋ္ဌာန်းရုံမျှသာမက၊ အကောင်အထည်လည်းဖော်ရန် လိုအပ်ပါသည်၊ လွှတ်တော်တွင် ဤတာဝန်ကို၊ ထမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ပါသည်။

၄။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးဥပဒေ ရေးဆွဲရေးနှင့်ပတ်သက်သော သတင်းအချက်အလက်အများအပြားကို၊ ကမ္ဘာ့ဘဏ်မှ ရယူနိုင်ပါသည်။

၅။ သို့သော်လည်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရော၊ ကမ္ဘာ့ဘဏ်ကပါ၊

mgyoe.com

ဝါရှင်တန်သဘောတူညီချက်အပေါ်အခြေခံကာ၊ နိုင်ငံများအနေဖြင့် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အကြံပေးနေကြောင်း၊ ဝေဖန်ခံနေရပါသည်။

၆။ ထို့ကြောင့် အကူအညီရရှိရေးအတွက်၊ မိမိဘက်က စတင်ဆောင်ရွက်ရပါမည်၊ အကူအညီတောင်းခံသင့်သည်ဟု ယူဆပါက ၎င်းတို့ထံမှအကူအညီကို တရားဝင် တောင်းခံနိုင်ပါသည်၊ ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့ရုံးများ၊ မြန်မာနိုင်ငံတွင် ရှိနေပါပြီ။

ကိစ္စရပ် ၁၁ အရင်းအနှီးဈေးကွက်

၁။ စနစ်တကျလည်ပတ်နေသော အရင်းအနှီးဈေးကွက်သည်၊ ပုဂ္ဂလိကပိုင်ပြု လုပ်ရေးလုပ်ငန်းစဉ်ကို၊ အထောက်အကူဖြစ်ပါသည်။

၂။ ပုဂ္ဂလိကပိုင်ပြုရေးနှင့် အရင်းအနှီးဈေးကွက်တို့သည်၊ နှစ်လမ်းသွားဆက်ဆံရေးမျိုး ရှိပါသည်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကြောင့်၊ အရင်းအနှီးဈေးကွက်ဖြစ်ထွန်းပေါ်ပေါက်ရေးကို၊ အကူအညီပေးနိုင်ပါသည်။ အရင်းအနှီးများ ထပ်မံရရှိရေး၊ ပါဝင်သူ တိုးပွားရေးတို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။

၃။ အရင်းအနှီးဈေးကွက် မရှိသဖြင့်၊ နိုင်ငံပိုင်လုပ်ငန်းများကို ဝယ်ယူလိုသူများအနေဖြင့်၊ အရင်းအနှီးပြည့်စုံ လုံလောက်မှုရှိရန်၊ အခက်အခဲရှိပါသည်။

၄။ ပုဂ္ဂလိကလုပ်ငန်းများကိုသာ ကုမ္ပဏီများရောင်းချပေးမှုဖြစ်ပေါ်စေပြီး၊ လူတစ်စု၊ လုပ်ငန်းတစ်ခုနှင့်ဘဏ်များ၏လက်ထဲတွင်၊ ပိုင်ဆိုင်မှုများ စုစည်းမိစေရန်၊ လုပ်ဆောင်လိုက်သလို ဖြစ်သွားနိုင်ပါသည်။

၅။ အရင်းအနှီးဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရန် ဖန်ဆင်းခြင်း၊ ထိုဈေးကွက်ကို အင်အားတောင့်တင်းအောင် ပြုလုပ်ခြင်းသည်၊ စွမ်းအားစုများကို၊ ရင်းနှီးမြှုပ်နှံရာ တွင်အသုံးပြုနိုင်စေရန်လည်းကောင်း၊ အစုရှယ်ယာများကို၊ သေးငယ်သော၊ အစုရှယ်ယာရှင်အများအပြားအား၊ ရောင်းချပေးခြင်းကြောင့်လည်းကောင်း ပိုင်ဆိုင်မှု ကျယ်ပြန့်သွားစေနိုင်ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ၂၀၁၄ မြန်မာ့စီးပွားရေးအလားအလာသုံးသပ်ချက်

ရင်းနှီးမြှုပ်နှံမှု အားကောင်းခြင်းကြောင့် ယခင်နှစ်က ဂျီဒီပီတိုးတက်မှု နှုန်းမြန်ဆန်လာခဲ့ပြီး ယခုနှစ်နှင့် နောင်လာမည့်နှစ်တွင်လည်းပို၍ တိုးတက်မှုရမည်ဟု မျှော်လင့်ရပါ

mgyoe.com

mgyoe.com
သည်။ အစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်သည်။ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေးသည် အစိုးရ၏ အဆင့်အသီးသီးတွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေးတို့အပေါ်တွင် မူတည်သည်။ ထို့အပြင် အားလုံးဝိုင်းဝန်း၍ ပြုပြင်ပြောင်းလဲမှုပြုလုပ်ကြရန်နှင့် လှုပ်စစ်ဓာတ်အားပေးဝေမှု တိုးတက်ဖွံ့ဖြိုးလာရန်လည်း လိုအပ်သည်။

## စီးပွားရေးတိုးတက်မှု

၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော၂၀၁၃ ဘဏ္ဍာရေးနှစ်၌ ဂျီဒီပီတိုးတက်မှု ၇.၅% ရှိမည်ဟု ခန့်မှန်းရာ ၂၀၁၂ခုဘဏ္ဍာရေးနှစ်က ခန့်မှန်းသော ၇.၃% ထက်တက်လာခဲ့ခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်စိတ်ချမှုတိုးပွားလာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများမြင့်မားလာခြင်း၊ ကုန်ပစ္စည်းပို့ကုန်များ တိုးပွားလာခြင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအားကောင်းလာခြင်း၊ ချေးငွေတိုးပွားလာခြင်းတို့အပြင် အစိုးရကလည်း ရည်မှန်းချက်ကြီးမားစွာ စီးပွားရေးအဆောက်အအုံပြုပြင်ပြောင်းလဲမှု လုပ်ငန်းများဆောင်ရွက်နေခြင်းတို့၏ အထောက်အကူပြုမှုတို့ကြောင့် ဤတိုးတက်မှုနှုန်းကို ရရှိခဲ့ခြင်း ဖြစ်သည်။

အရင်းအနှီးကုန်စည်များ တင်သွင်းမှုမြင့်မားလာခြင်းကိုကြည့်လျှင် ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်မြင့်မားလာခြင်းကို သိသိသာသာ တွေ့မြင်ရသည်။ အရင်းအနှီးကုန်ပစ္စည်းများ တင်သွင်းမှုသည် ၂၀၁၃ တွင် ၅၉.၅% တိုးလာခဲ့သဖြင့် ဒေါ်လာ ၅.၈ ဘီလီယံအထိ တိုးပွားလာခဲ့သည်။

စီးပွားရေးလုပ်ငန်းသစ်များ မှတ်ပုံတင်မှု လျင်မြန်စွာတိုးတက်နေသဖြင့် မကြာမီနှစ်များအတွင်းက စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်စိတ်ချမှု သိသိသာသာတက်လာကြောင်းတွေ့ရသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအထိ ဆယ်လအတွင်း လုပ်ငန်းပေါင်း ၅၀၀၀ ကျော်တိုးလာခဲ့သည်။ ယခင်ဘဏ္ဍာရေးနှစ်တစ်နှစ်လုံးတွင် မှတ်ပုံတင်ခဲ့သော လုပ်ငန်းအရေအတွက်ထက်ပင် ကျော်လွန်သွားခဲ့သည်။ နိုင်ငံခြားပိုင်လုပ်ငန်းသစ်များ မှတ်ပုံတင်မှု ၃၇၅ အထိ ရှိခဲ့သည်။ ပုဂ္ဂလိကကဏ္ဍ၏ချေးငွေသည် ၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၆% ၌ ဆက်လက်ထိန်းထားနိုင်ခဲ့ဖြစ်သည်။

လုပ်သားတစ်ဝက်ကျော်ရှိရာ စိုက်ပျိုးရေးကဏ္ဍသည်၂၀၁၂ နှစ်လယ်တွင် ရေလွှမ်းမိုးမှုဒဏ်ခံရပြီးနောက် ၂၀၁၃ ဘဏ္ဍာနှစ်တွင်ပြန်လည် ဦးမော့လာခဲ့သည်။ ရွှေနှင့်
mgyoe.com

mgyoe.com

ဓာတ်ကိုရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းများ၊ စတင်ထုတ်လုပ်မှုပြုလာကြသဖြင့် သဘာဝဓာတ်ငွေ့အထွက်တိုးပွားလာခဲ့သည်။

သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုသည် ၂၀၁၃၊ စက်တင်ဘာလအထိ ၁၂ လတာကာလအတွင်း ၆၈.၈% တိုးလာခဲ့သဖြင့် ၇.၇ ထရီလီယံပေအထိ ဖြစ်လာခဲ့သည်။ သဘာဝဓာတ်ငွေ့တင်ပို့မှု၏တန်ဖိုးသည် ဒေါ်လာ ၃.၆ ဘီလီယံ ခန့်ရှိရာပို့ကုန်အားလုံး၏ ၄၀% ရှိသည်။

၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေဖောင်းပွမှုနှုန်း ၅.၈% ရှိမည်ဟု ခန့်မှန်းရသဖြင့် ငွေဖောင်းပွမှုနှုန်း မြင့်တက်လာခြင်းဖြစ်သည်။ စားနပ်ရိက္ခာဈေးနှုန်းတွေတက်လာခြင်း၊ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ပြည်တွင်း၌ ဈေးနှုန်းတွေလိုက်တက်ခြင်းတို့ကြောင့် ငွေဖောင်းပွမှုနှုန်း တက်လာခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် စီမံခန့်ခွဲမှုရှိသော နှုန်းရှင်မျှောငွေလဲလှယ် နှုန်းစနစ်ကို စတင်ကျင့်သုံးပြီးနောက် မြန်မာကျပ်ငွေသည် ဒေါ်လာနှင့်နှိုင်းယှဉ်လျှင်တန်ဖိုးကျလာခဲ့ရာ ၂၀၁၃၊ ဧပြီလမှ ၂၀၁၄ မတ်လအတွင်း ၁၁% ကျဆင်းခဲ့သည်။

သာမန်စာရင်းလိုငွေသည် ၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄.၈% အထိတိုးပွားလာခဲ့ရာ အရင်းအနှီးသွင်းကုန်တိုးပွားမှု များပြားလာခြင်းကို ညွှန်ပြသည်။ ထိုလိုငွေကိုနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပမှ လွှဲပို့ငွေများ တိုးပွားလာခြင်းတို့က တစ်စိတ်တစ်ဒေသအားဖြင့် ကျခံသည်။ ပြည်ပငွေပေးငွေယူရှင်းတမ်းတွင် ဂျီဒီပီ၏ ၀.၆% သည် ညီမျှသော ပိုငွေကို စံချိန်တင်ပြသနိုင်ပြီး စုစုပေါင်းနိုင်ငံခြားသီးသန့်ရန်ပုံငွေသည်၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၄.၉ ဘီလီယံရှိရာ သွင်းကုန် ၃.၃ လစာ နှင့် ညီမျှသည်။

၂၀၁၃ အစိုးရဘတ်ဂျက်သည် ဒေါ်လာ ၁၉.၅ ဘီလီယံရှိရာဂျီဒီပီ၏ ၃၂.၈% နှင့်ညီမျှသည်။ ပညာရေးအသုံးစရိတ်သည် ယခင်နှစ်ကထက် ၃၀%၊ ကျန်းမာရေးအသုံးစရိတ်သည် ၇၈% တိုးလာခဲ့သည်။ ၂၀၁၂ ခုနှစ်ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေ ဂျီဒီပီ၏ ၃.၈% ရှိရာမှ ၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄.၉% အထိ တိုးလာမည်ဟု ခန့်မှန်းရသည်။ ပြည်ပကြွေးမြီပမာဏသည်ဒေါ်လာ ၁၀.၇ ဘီလီယံအထိကျဆင်းလာခဲ့ရာ ဂျီဒီပီ၏ ၁၉% ရှိသည်။ တင်ရှိနေသော ကြွေးမြီများပြန်ဆပ်ရေး အစီအစဉ်နောက်ပိုင်းတွင် ၂၀၁၂ ဘဏ္ဍာနှစ်က ကြွေးမြီ ၁၃.၅ ဘီလီယံရှိရာမှ ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

### စီးပွားရေးအလားအလာ

လွန်ခဲ့သည့်သုံးနှစ်က မြန်မာအစိုးရသည် စီးပွားရေးအဆောက်အအုံကို တံခါးဖွင့်

mgyoe.com

mgyee.com
ကာ ရှင်သန်အောင်ဆောင်ရွက်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ၏ယုံကြည်စိတ်ချမှုတိုးပွားလာခဲ့ခြင်း၊ ရင်းနှီးမြှုပ်နှံမှု တိုးပွားလာခြင်းတို့ကြောင့် ၂၀၁၄ နှင့် ၂၀၁၅ ဘဏ္ဍာနှစ်များတွင် ၇.၈% အထိမြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်းကိုရရှိမည်ဟု ခန့်မှန်းတွက်ဆကြသည်။

ဆက်သွယ်ရေးလိုင်စင် တယ်လီနောနှင့် အော်ရီဒူးတို့ကိုပေးခဲ့ခြင်း၊ လေဆိပ်များဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုရီးယားသမ္မတနိုင်ငံ၊ စင်ကာပူနှင့်ဂျပန်တို့မှရင်းနှီးမြှုပ်နှံသူများကိုရွေးချယ်ခဲ့ခြင်း၊ အရှေ့အာရှဒေသဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကျင်းပနိုင်ခဲ့ခြင်းနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့ခြင်းအပါအဝင် ယခင်နှစ်ကတိုးတက်ဖြစ်ထွန်းမှုများကြောင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံကိုရင်းနှီးမြှုပ်နှံစရာ နေရာတစ်ခုအဖြစ် ရှုမြင်လာခဲ့ကြသည်။

ငွေဖောင်းပွမှုနှုန်းသည် ၂၀၁၄ ဘဏ္ဍာနှစ်တွင် ၆.၆%၊ ၂၀၁၅ ဘဏ္ဍာနှစ်တွင် ၆.၉% အထိ တက်လာမည်ဟု မျှော်မှန်းတွက်ဆရပါသည်။ ငွေဖောင်းပွမှုကိုဖြစ်စေနိုင်သော အကြောင်းတရားများတွင် ပြည်သူပိုင်ကဏ္ဍလုပ်ခတိုးမြှင့်ခြင်း၊ လျှပ်စစ်ဓာတ်အားခများတိုးမြှင့်ခြင်း၊ မြို့ကြီးများတွင် အိမ်ရာဈေးမြင့်မားခြင်းတို့ပါဝင်သည်။ ဗဟိုဘဏ်မှအစိုးရသို့ ထုတ်ချေးသောငွေလျော့ကျလျှင် နှစ်လတ်ကာလတွင် ငွေဖောင်းပွမည့်အလားအလာကိုထိန်းသိမ်းရာ၌ အထောက်အကူဖြစ်မည်။

သွင်းကုန်တင်သွင်းရာ၌ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လျှော့ချခြင်း၊ နိုင်ငံခြားငွေထိန်းချုပ်မှုကို လျှော့ချခြင်းတို့ကြောင့် ၂၀၁၄နှင့် ၂၀၁၅ ဘဏ္ဍာနှစ်များတွင် သာမန်စာရင်းလိုငွေသည် ဂျီဒီပီ၏ ၅% ပတ်ဝန်းကျင်၌သာ ဆက်လက်ရှိနေနိုင်သည်။ နိုင်ငံ၏ သီးသန့်နိုင်ငံခြားရန်ပုံငွေသည် သွင်းကုန် ၃.၆ လစာနှင့် ညီမျှသော ဒေါ်လာ ၆ ဘီလီယံအထိ ၂၀၁၄ ဘဏ္ဍာနှစ်တွင် ရောက်သွားနိုင်သည်။

၂၀၁၄ ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လိုငွေသည် ဂျီဒီပီ၏ ၄.၅% အထိ ကျဆင်းသွားနိုင်သည်။ ဆက်သွယ်ရေးလိုင်စင်မှ တစ်လုံးတစ်ခဲတည်း ဝင်ငွေများရရှိနိုင်ခြင်း၊သဘာဝဓာတ်ငွေ့ရောင်းရငွေတိုးလာနိုင်ခြင်းတို့ကြောင့် ထိုသို့ကျဆင်းသွားနိုင်ခြင်းဖြစ်သည်။ ဂျပန်၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့နှင့် သဘောတူညီချက်ရရှိခဲ့သောကြွေးမြီပြန်ဆပ်ရေးအစီအစဉ်သစ်အရ အစိုးရအနေဖြင့် ချေးငွေအသစ်များရရှိနိုင်ရန် လမ်းပွင့်သွားပြီဖြစ်သည်။

ပြည်ပကြွေးမြီသည် ၁၁.၇ ဘီလီယံ၊ ဂျီဒီပီ၏ ၁၉.၄% အထိ တိုးလာနိုင်သည်။ မြန်မာ၏ကြွေးဆပ်နိုင်စွမ်းမှာ ကောင်းမွန်ဆဲဖြစ်ပြီး ဈေးကွက်မှ ချေးငွေများအပေါ် အားကိုး
mgyee.com

mgyoe.com
မှုနည်းခြင်း၊ ကျန်ရှိသော ကြွေးများကို ရှင်းလင်းပြီးနောက် အတိုးနှုန်းသက်သာသော ဈေးငွေများရရှိနိုင်ခြင်းတို့ကြောင့် ဖြစ်သည်။

အစိုးရက စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်ခဲ့သည်။ ငွေလဲလှယ်နှုန်း တစ်ခုတည်းဖြစ်အောင် ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အခွန်ငွေရရှိမှု မြင့်မားလာခြင်း၊ ပြည်သူ့အသုံးစရိတ်ကိုလူမှုနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ပို၍အသုံးပြုခြင်း၊ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့်ကုန်သွယ်ရေးကို လွတ်လပ်ခွင့်ပြုခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေသစ်အရ ဗဟိုဘဏ်သည်ပိုမို၍ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်။ အစိုးရက ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဘက်စုံပြုပြင်ပြောင်းလဲရေးအတွက် ရှေ့နောက်အချိတ်အဆက်ရှိ မဟာဗျူဟာတစ်ရပ်ကို ပြင်ဆင်ရေးဆွဲလျက်ရှိသည်။

အဆင့်မြင့်အကျင့်ပျက်မှု တိုက်ဖျက်ရေးကော်မတီကိုဖွဲ့စည်းကာ မြင်သာထင်သာရှိရေးနှင့် တာဝန်ယူမှုရှိရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ကမ္ဘာ့သယံဇာတ ထုတ်ယူမှုမြင်သာထင်သာရှိရေး EIT အစီအစဉ်တွင် ပူးပေါင်းပါဝင်ရန် အစိုးရက သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရေးလိုင်စင် လေလံပစ်ချထားမှုကြောင့် နိုင်ငံတကာကုမ္ပဏီများသည် ပြည်တွင်းလုပ်ငန်းများနှင့်လက်တွဲစရာမလိုဘဲ အခြေချဆောင်ရွက်နိုင်ကြသည်။

သို့သော်လည်း ကမ္ဘာ့ဘဏ်၏ ၂၀၁၄ခုနှစ် စီးပွားရေးလုပ်ကိုင်မှုအစီရင်ခံစာတွင် စီးပွားရေးလုပ်ကိုင်ရလွယ်ကူသော နိုင်ငံ ၁၈၉ နိုင်ငံအနက် အမှတ် ၁၈၂ ချိတ်နေခြင်းသည် စီးပွားရေးပတ်ဝန်းကျင် ကောင်းမွန်ရေးအတွက် ဖြေရှင်းစရာ စိန်ခေါ်မှုများရှိနေသည်ကို ပြသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရေးသည် အစိုးရ၏အထက်အောက် အဆင့်အသီးသီးတွင် စွမ်းရည်မြင့်မားရေး၊ စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေးအပေါ်တွင် မူတည်သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် တိုးတက်မှုရှိရေး၊ အထူးသဖြင့် ကျေးလက်နှင့် အခွင့်အလမ်းများရရှိရေးတို့တွင် တိုးတက်မှုဖြစ်စဉ်တွင်အားလုံးပါဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ပါသည်။

စီးပွားရေးအလားအလာနှင့်ပတ်သက်၍ တွေ့ကြုံနိုင်စရာရှိသည့်အခက်အခဲများမှာ တိုင်းရင်းသားနှင့် အုပ်စုများအကြား တင်းမာမှုများ၊ ရာသီဥတုဆိုးရွားမှုများကြောင့် ပေါ်ပေါက်လာနိုင်ပါသည်။

mgyoe.com

mgyoe.com
**မူဝါဒဆိုင်ရာ စိန်ခေါ်မှုများ**
**စီးပွားရေးအဆောက်အအုံကိုစွမ်းအင်ပြည့်ပေးခြင်း**

မြန်မာနိုင်ငံတွင် အထူးသဖြင့် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့အပါအဝင် စွမ်းအင်သယံဇာတ အလွန်တရာပေါများကြွယ်ဝသည်။ သို့သော်လည်း ဓာတ်အားကဏ္ဍသည် အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးမှုအနည်းဆုံးကဏ္ဍတစ်ခု ဖြစ်သည်။ စုစုပေါင်း တပ်ဆင်ထားသောစွမ်းအား ၃၅၉၃ မီဂါဝပ်၏ တစ်ဝက်ကျော်သာ ခိုင်ခိုင်မာမာ စိတ်ချလက်ချသုံးစွဲနိုင်သည်။ မိုးလေဝသကိုအားကိုးနေရသော ရေအားလျှပ်စစ် ထုတ်လုပ်မှုသည် စုစုပေါင်း လျှပ်စစ်ထုတ်လုပ်မှု၏ ၇၅ % အထိ ရှိနေသည်။ သို့ဖြစ်ရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် အကန့်အသတ်နှင့်ရှိနေပြီး စိတ်ချအားကိုးရခြင်းမရှိပေ။

မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၆၀ ခန့်ရှိသည်ဟု ခန့်မှန်းရာမြန်မာနိုင်ငံ၏ ၂၀၁၁ ခုနှစ် တစ်ဦးကျလျှပ်စစ်သုံးစွဲမှုသည် ၁၆၀ ကီလိုဝပ် နာရီမျှသာဖြစ်၍အရှေ့တောင်အာရှတွင် အနိမ့်ဆုံးဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင်လူဦးရေ၏ ၂၈ % ကိုသာ လျှပ်စစ်ဓာတ်အားပေးနိုင်ခြင်း၊ စက်မှုလက်မှုဖွံ့ဖြိုးမှုနည်းပါးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းခြင်းတို့၏ ရလဒ်ပင်ဖြစ်သည်။ မြို့ကြီးအတော်များများ၌သာ လျှပ်စစ်ဓာတ်အားရရှိသည်။

စရိတ်ဘက်ကကြည့်လျှင် လျှပ်စစ်ဓာတ်အားခများကို အစိုးရကအများအပြား ထောက်ပံ့ကြေးပေးသဖြင့် အရှေ့တောင်အာရှတွင် အနည်းဆုံးအခကြေးငွေဖြစ်နေသည်ကို တွေ့ရသည်။ သို့သော်လည်း ၂၀၁၄ ခုနှစ်၊ မတ်လတွင် အစိုးရက လျှပ်စစ်ဓာတ်အားဈေးနှုန်းပြုပြင်ပြောင်းလဲမည့်အစီအစဉ်ကိုကြေညာခဲ့ပြီး ဝင်ငွေနိမ့်သူများအတွက် သက်သာသောနှုန်းရရှိစေကာ ရေရှည်တွင် ဆက်လက်ပေးခြင်းမပြုနိုင်သည့် ထောက်ပံ့ကြေးအများစုကို ပယ်ဖျက်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲဖက်ဆောင်ရွက်နေသူတို့၏ခန့်မှန်းချက်အရ ၂၀၃၀ တွင် နှစ်စဉ် စီးပွားရေးတိုးတက်မှုနှုန်း ၇.၅ % ရရှိနိုင်ရန်အတွက် ဒေါ်လာ ၁၈ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုလိုအပ်သည်။ အစိုးရနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲဖက်ဆောင်ရွက်နေသူတို့က စွမ်းအင်ကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ကြိုးပမ်းရာတွင် စီမံကိန်းများ ပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေပြင်ဆင်ခြင်းတို့ ပြုလုပ်ကာဓာတ်အား ဖြန့်ဖြူးမှုပိုမိုကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုလျှော့ချရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါ်ပေါက်ရေးအတွက် အကူအညီပေးရေး၊ လက်ရှိအခြေခံ အဆောက်အအုံကို အင်အားဖြည့်တင်းပေးခြင်း၊ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစွမ်းအားတိုးပွားရန် လှုံ့ဆော်ခြင်းတို့ ပါဝင်သည်။

mgyoe.com

mgyoe.com

လိုအပ်သော ရင်းနှီးမြှုပ်နှံမှုပမာဏသည် အစိုးရနှင့်နိုင်ငံတကာအဖွဲ့အစည်းများက ဖြည့်ဆည်းနိုင်သော ပမာဏထက် ကျော်လွန်နေသဖြင့် ပြည်သူပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍလက်တွဲသည့်နည်းဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန် စံညွှန်းများနှင့် ကိုက်ညီသောဓာတ်အား ဝယ်ယူရေးစာချုပ်များ ပြင်ဆင်ချုပ်ဆိုခြင်း၊ အစိုးရအဖွဲ့အစည်းများက ပွင့်လင်းပြီးမြင်သာထင်သာရှိသော လုပ်ငန်းစဉ်များဆောင်ရွက်တတ်စေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာစေရန်အားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

မြို့ပြဒေသနှင့်ကျေးလက်၊ ဝေးလံသောဒေသများအကြားတွင် လျှပ်စစ်ဓာတ်အားရရှိမှု၊ ကွာဟချက်ကြီးမားသဖြင့် ပင်မလျှပ်စစ်ဓာတ်အားလိုင်းကြီး၏ပြင်ပတွင် အသေးစား ရေအားလျှပ်စစ်၊ ဇီဝဓာတ်ငွေ့၊ ရေအားနှင့် နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားစနစ်ကဲ့သို့သော အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြည့်ဆည်းပေးရေးသည် အရေးပါသည်။ ထို့အပြင် တိုင်းရင်းသားအုပ်စုများအား ပိုမိုကောင်းမွန်သော လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်လျှင်လည်း ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားရရှိရေးကို အထောက်အကူ ပြုနိုင်သည်။

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း

နိဒါန်း

၁။ ကမ္ဘာတစ်ဝန်း– နိုင်ငံပေါင်း ၁၀၀ ကျော်တို့သည် ၎င်းတို့၏စီးပွားရေးမူဝါဒများ၊ ဖွံ့ဖြိုးရေးမဟာဗျူဟာများတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရန် သို့မဟုတ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအတွက် အလေးပေးစဉ်းစားရန် ဆောင်ရွက်လာခဲ့ကြသည်။ ထိုနိုင်ငံများတွင်ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆိုရှယ်လစ်စနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းသောနိုင်ငံများလည်း ပါဝင်သည်။

၂။ နိုင်ငံအမျိုးမျိုးပါဝင်ရုံသာမက ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကို စီးပွားရေးကဏ္ဍ အမျိုးမျိုး လုပ်ငန်းအမျိုးမျိုးလည်း တွေ့ရသည်။

၃။ သဘောတရားအရရော လက်တွေ့အရပါ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် ရှုပ်ထွေးခက်ခဲပြီး အငြင်းပွားစရာများလည်း ရှိသည်။ အတွေ့အကြုံအမျိုးမျိုး ရလဒ်အမျိုးမျိုးကိုလည်း တွေ့ကြုံခဲ့ရသည်။ ရလဒ်ကောင်းများရှိသကဲ့သို့ လုံးဝဆုံးရှုံးမှုများလည်းရှိသည်။

၄။ မြန်မာနိုင်ငံသည် ဆက်လက်ဆောင်ရွက်လျက်ရှိသော စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်၏တစ်စိတ်တစ်ဒေသအဖြစ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကို ထည့်သွင်းစဉ်းစားထားသည်။ ဤစာတန်းတွင် မကြာမီနှစ်များအတွင်းက စီးပွားရေးမူဝါဒဆိုင်ရာများနှင့်ပတ်သက်၍ အကြံဉာဏ်များအတွေ့အကြုံများရလဒ်များကို အကျဉ်းချုံးဖော်ပြထားသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် ပတ်သက်သော

mgyoe.com

mgyoe.com

အကြောင်းအရာများကို နားလည်သဘောပေါက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်လက်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါသည်။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

အဓိပ္ပာယ်ဖွင့်ဆိုချက် ၂ ခု ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကျဉ်းမြောင်းသော အဓိပ္ပာယ်သတ်မှတ်ချက် – စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးအရ ပိုင်ဆိုင်မှုတစ်ခုနှင့်ပတ်သက်၍ အစိုးရက ပုဂ္ဂလိက (စီးပွားရေးလုပ်ငန်းများ) သို့ပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ကို လွှဲပြောင်းခြင်း။

၂။ ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုချက်– စီးပွားရေးလုပ်ငန်းများ စီးပွားရေးပိုင်ဆိုင်မှုများကိုသာမက ဘဏ္ဍာငွေကောက်ခံခြင်း၊ အမှိုက်သိမ်းခြင်း၊ ထောင်များကို စီမံခန့်ခွဲခြင်း၊ တရားဥပဒေစိုးမိုးခြင်းကဲ့သို့သောလုပ်ငန်းများအပါအဝင် မည်သည့်လုပ်ငန်းမဆို ပုဂ္ဂလိကသို့လွှဲပြောင်းခြင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လုပ်ငန်းများသို့ လိုင်စင်ထုတ်ပေးခြင်း၊ ကန်ထရိုက်ပေးခြင်းဖြင့် ဤလုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။

၃။ ကျယ်ပြန့်သော အဓိပ္ပာယ်သတ်မှတ်ချက်သည်ပို၍ စိတ်ဝင်စားစရာကောင်းသည်။ ယခုစာတန်းတွင် ဤအဓိပ္ပာယ်သတ်မှတ်ချက်ကို လက်ခံကျင့်သုံးပါမည်။

## သမိုင်းကြောင်း အတွေ့အကြုံ

၁။ ကျယ်ပြန့်သော အဓိပ္ပာယ်သတ်မှတ်ချက်အရပုဂ္ဂလိကပိုင် ပြုလုပ်ရေးနှင့်ပတ်သက်၍ ရှည်လျားသော သမိုင်းကြောင်းရှိသည်။

၂။ ရှေးဟောင်းဂရိခေတ်တွင် အစိုးရက မြေယာများ သစ်တောများ၊ သတ္တုတွင်းများကို ပိုင်ဆိုင်ပြီး အားလုံးလိုလိုကို ပုဂ္ဂလိကကဏ္ဍသို့ ကန်ထရိုက်ပေး ဆောင်ရွက်ခွင့်ပြုသည်။

၃။ အလားတူပင် ရောမခေတ်က အစိုးရကပုဂ္ဂလိက လုပ်ငန်းများသို့ ဆောက်လုပ်ရေး၊ အခွန်ကောက်ခြင်း၊ စစ်တပ်သုံး အသုံးအဆောင်များပေးသွင်းခြင်းအပါအဝင် ဝန်ဆောင်မှုအများစုကို တစ်သီးပုဂ္ဂလများနှင့် လုပ်ငန်းများအား ဆောင်ရွက်

mgyoe.com

mgyoe.com
ခွင့်ပြုသည်။
၄။ ရှေးခေတ်ကလည်း နိုင်ငံပိုင်လုပ်ငန်းများရှိသည်။ ဥပမာအားဖြင့် ရောမအင်ပါယာမှထွက်သော ကောက်ပဲသီးနှံအများစုသည် ရောမဘုရင်ကြီးပိုင်သော မြေယာများပေါ်တွင် ထုတ်လုပ်ခြင်း ဖြစ်သည်။ အလားတူပင် ရှေးဟောင်းတရုတ်နိုင်ငံတွင် စက်ရုံများ၊ သံလုပ်ငန်းများသည် နိုင်ငံပိုင်လုပ်ငန်းများဖြစ်သည်။

## မြန်မာဘုရင်များခေတ်

၁။ ရှေးဟောင်းဂရိနှင့် ရောမခေတ်များကဲ့သို့ပင် မြန်မာဘုရင်များသည်လည်း ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။
၂။ အားလုံးသိကြသည့်အတိုင်းပင် မြန်မာဘုရင်များသည် မြေယာများ၊ သတ္တုတွင်းများ၊ သစ်တောများ၊ ကျောက်မျက်ရတနာများနှင့် နိုင်ငံ၏အခြားအဓိက သဘာဝသယံဇာတများကို ပိုင်ဆိုင်ကြသည်။
၃။ ၎င်းတို့ကိုဘုရင်က ဆွေတော်မျိုးတော်များ၊မိတ်ဆွေများ၊ အချို့သော မျက်နှာသာပေးခံရသည့် လက်အောက်ငယ်သားများ (ခရိုနီများ)၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုးဆောင်ရွက်ရန်အတွက် သုံးစွဲခွင့်ပြုသည်။
၄။ ဘုရင့်အတွက် ဝန်ဆောင်မှုများပေးခြင်း၊ ရိုသေလေးစားရခြင်းတို့အပြင် ဦးစားပေးခံရသူများသည် ဘုရင့်သစ္စာနှင့် ကျေးဇူးကိုစောင့်သိရိုသေကြရသည်။
၅။ သာမန်အားဖြင့် သစ္စာဆိုသည်မှာ သစ္စာရှိခြင်းဖြစ်ပြီး၊ ကျေးဇူးဆိုသည်မှာ ကျေးဇူးတင်ခြင်း၊ ကျေးဇူးဆပ်ခြင်းကို ဆိုလိုသည်။
၆။ သို့သော်လည်း မြန်မာသမိုင်းပညာရှင်တစ်ဦးက သစ္စာဆိုသည်မှာ သစ္စာခံခြင်း၊ ကျေးဇူးဆိုသည်မှာ တာဝန်သိခြင်းဟု ဖော်ပြခဲ့သည်။

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတည်ထောင်ရသည့် အကြောင်းတရားများ

လွတ်လပ်ရေးရပြီးနောက် အထူးသဖြင့်အစောပိုင်းကာလများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံပိုင်လုပ်ငန်များ တည်ထောင်ရသည့်အကြောင်းတရား (၆) ခု ရှိသည်။

၁။ ဈေးကွက်ယန္တရားသည် ဈေးကွက်၏အားနည်းချက်နှင့် အခြားအကြောင်းတရားများကြောင့် ထိရောက်မှုမရှိခြင်း၊ စိတ်မချရခြင်း၊

၂။ အစိုးရက အများပြည်သူတို့၏ကောင်းကျိုးအတွက် သဘာဝအလျောက် လက်ဝါးကြီးအုပ်လုပ်ငန်းဖြစ်နေသော လုပ်ငန်းများကို တည်ထောင်ရန်
mgyoe.com

လည်ပတ်ရန် လိုအပ်ခြင်း၊
၃။ သဘောတရားအရ ဆိုရှယ်လစ်ဝါဒ၏ဆွဲဆောင်မှုရှိခြင်း၊
၄။ တန်းတူညီမျှရေးနှင့် အမျိုးသားရေးဆိုင်ရာစဉ်းစားတွေးခေါ်မှုများ၊
၅။ လူမှုရေးဆိုင်ရာ စဉ်းစားဆင်ခြင်မှုများနှင့်
၆။ နိုင်ငံရေးအကြောင်းတရားတို့ဖြစ်သည်။

**ဈေးကွက်၏ အားနည်းချက်**

လွတ်လပ်မှုတစ်စွာ ပြိုင်ဆိုင်မှုအောက်ရှိဈေးကွက်သည် ရှားပါးသော စွမ်းအားစုများကို စွမ်းရည်မြင့်မြင့် အသုံးချနိုင်သည်။ သို့သော် ဈေးကွက်၏အားနည်းချက်ရှိနေလျှင် ထိုသို့ မဖြစ်နိုင်ပါ။ ဈေးကွက်၏ အားနည်းချက်ဖြစ်ရခြင်းမှာအကြောင်းတရား ၄ ခုကြောင့် ဖြစ်သည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဈေးကွက်၏ပါဝါကို အလွဲသုံးစားလုပ်ခြင်း– ဈေးကွက်အတွင်းရှိ လူတစ်ဦးတစ်ယောက် သို့မဟုတ် ရောင်းသူအချို့ ဝယ်သူအချို့က ထွက်ကုန်နှင့် ဈေးနှုန်းကို ထိန်းချုပ်နိုင်ခြင်း၊

၂။ ပြင်ပအကျိုးသက်ရောက်မှုများ– ပတ်ဝန်းကျင်ညစ်ညမ်းမှုကဲ့သို့သော စီးပွားရေးလုပ်ငန်းတစ်ခုက အခြားသူများအပေါ် အကျိုးသက်ရောက်မှု ကိုဈေးကွက်က ထည့်မတွက်နိုင်၊ ဈေးကွက်ယန္တရားကြောင့် ရန်ကုန်မြို့ရှိလမ်းများပေါ်တွင် မော်တော်ကားများပြည့်ကျပ်နေသည်ကို ကြည့်ပါ။

၃။ ပြည်သူ့အကျိုးပြုကုန်စည်များ– အမျိုးသားကာကွယ်ရေးကိစ္စများ၊ ရဲက အကာအကွယ်ပေးမည့် ကိစ္စများအတွက် မည်မျှသုံးစွဲရမည်ကိုဈေးကွက်က ဆုံးဖြတ်ခြင်း မပြုနိုင်၊

၄။ သတင်းအချက်အလက်ရရှိပုံမညီမျှမှု – ဈေးကွက်ထဲတွင်ရှိနေကြသည့် ဘက်နှစ်ဖက်သည် သတင်းအချက်အလက်ရရှိမှု ညီမျှခြင်းမရှိပါ။

**ဈေးကွက်၏လည်ပတ်မှုမှ ကျေနပ်စရာမကောင်းသောရလဒ်များ ထွက်ပေါ်လာခြင်း**

၁။ ဈေးကွက်၏အားနည်းချက်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံအများစု– လွတ်လပ်ရေးရခါစကာလများတွင် ပုဂ္ဂလိကကဏ္ဍနှင့် ဈေးကွက်များ ဖွံ့ဖြိုးခြင်း မရှိသေးသည်ကို သတိရရန်လိုပါသည်။

၂။ သို့ဖြစ်၍ အချို့သော အဓိကစီးပွားရေးလုပ်ငန်းများကို ဈေးကွက်၏လည်ပတ်မှု

mgyoe.com

mgyoe.com
မှ တစ်ဆင့်ဆောင်ရွက်ခြင်းဖြင့် ကျေနပ်လောက်သောရလဒ်များ ထွက်ပေါ်လာရန် မဖြစ်နိုင်ပါ။ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဈေးကွက်မှတစ်ဆင့် ဆောင်ရွက်၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် အစိုးရက ဝင်ရောက်ဆောင်ရွက်ရပါသည်။

၃။ ထိုသို့ ဆောင်ရွက်ရသောလုပ်ငန်းများတွင် (က) လျှပ်စစ်၊ ဓာတ်ဆီနှင့် ရေတို့ကဲ့သို့သော အများပြည်သူသုံးစရာ အသုံးအဆောင်များဖြန့်ဝေခြင်း။ (ခ) သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကွန်ရက်များကဲ့သို့သော အခြေခံအဆောက်အအုံများတည်ထောင်လည်ပတ်ခြင်းနှင့် (ဂ) ဘက်စုံဆည်ကြီးများကဲ့သို့သော အရင်းအနှီး စရိတ်ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။

## သဘာဝအလျောက် လက်ဝါးကြီးအုပ်လုပ်ငန်းများတည်ထောင်ကာ အများပြည်သူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း

၁။ ဥပမာအားဖြင့် တစ်နိုင်ငံလုံးသို့လျှပ်စစ်ဓာတ်အား အကျိုးရှိရှိပေးနိုင်ရန်အတွက် အမျိုးသားဓာတ်အားပေးစနစ်ကြီးတစ်ခုတည်းသာ လိုအပ်သည့်အခါမျိုးတွင် သဘာဝအလျောက် လက်ဝါးကြီးအုပ်လုပ်ငန်းများ ပေါ်ပေါက်တတ်ပါသည်။

၂။ အလားတူပင် နိုင်ငံ၏လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် မီးရထားကွန်ရက်တစ်ခုရှိလျှင် လုံလောက်ပါသည်။

၃။ ထိုသို့သော သဘာဝအလျောက်လက်ဝါးကြီးအုပ်လုပ်ငန်းဖြစ်နေသည့် လုပ်ငန်းများကို တည်ထောင်လည်ပတ်ရန် အများပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အစိုးရက တာဝန်ယူရပါသည်။

## မဟာဗျူဟာမြောက်နှင့် အခြေခံကျသောစက်မှုလုပ်ငန်းများ

၁။ အစိုးရသည် စီးပွားရေးအကျိုးအမြတ်နိမ့်သော်လည်း လူမှုရေးတန်ဖိုးမြင့်မားသည့် သို့မဟုတ် အခြေခံကျကာ မဟာဗျူဟာမြောက်သည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။ ဥပမာ သံမဏိလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်သည့်လုပ်ငန်း၊ အနုမြူစွမ်းအင်လုပ်ငန်း၊ လက်နက်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပါသည်။

၂။ အလားတူပင် စွန့်စားရမှုကြီးမားခြင်း၊ နည်းပညာမြင့်မားခြင်း၊ ရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမားခြင်းတို့ကြောင့် ပုဂ္ဂလိကကဏ္ဍကဝင်ရောက်ဆောင်ရွက်ရန် ခက်ခဲ
mgyoe.com

mgyoe.com
သော စီးပွားရေးနယ်ပယ်များတွင်လည်း ဝင်ရောက်ကွက်လပ်ဖြည့်ရပါသည်။

**လွတ်လပ်ရေးရခါစ ကာလများတွင်ဆိုရှယ်လစ်ဝါဒ၏ ဆွဲဆောင်မှု**

၁။ အစိုးရက စီးပွားရေးအဆောက်အအုံတွင် ဝင်ရောက်ဆောင်ရွက်ရန်အတွက် သဘောတရားရေး အကြောင်းတရားများကလည်း ထပ်ဆင့်ပံ့ပိုးပေးသည်။

၂။ လွတ်လပ်ရေးရခါစ ကာလများတွင်ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အစိုးရများက ဆိုရှယ်လစ်ဝါဒကို သဘောကျကြသည်။

၃။ အထူးသဖြင့် ကိုလိုနီခေတ်အမွေအနှစ်အဖြစ် စီးပွားရေးအဆောက်အအုံကို နိုင်ငံခြားလုပ်ငန်းကြီးများက လွှမ်းမိုးသည့်အခြေအနေတွင် ဆိုရှယ်လစ်ဝါဒကို ပိုသဘောကျကြသည်။

၄။ ထို့ကြောင့် နိုင်ငံပိုင်ပြုလုပ်ခြင်း ပေါ်ပေါက်လာပြီး စက်မှုလုပ်ငန်းများနှင့် စီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင်ကဏ္ဍသို့ လွှဲပြောင်းခဲ့သည်။

**ညီမျှရေးနှင့် အမျိုးသားရေး**

၁။ စီးပွားရေးတွင် အစိုးရ၏ပါဝင်မှုနှင့်အတူ တန်းတူညီမျှရေးနှင့် အမျိုးသားရေး တို့သည်လည်း အရေးကြီးပါသည်။

၂။ ပြည်ပမှ လူနည်းစုနိုင်ငံခြားသားများနှင့် ယှဉ်ပြိုင်ဆောင်ရွက်ရချိန်တွင် တိုင်းရင်း သားများအတွက် အခြေအနေကောင်းများ ပေါ်ပေါက်ရန်ဆန္ဒအဖြစ်အမျိုးသား ရေးရည်မှန်းချက်များ ထွက်ပေါ်လာပါသည်။ သိသာထင်ရှားသည့်ကိစ္စမှာ အရှေ့ တောင် အာရှတွင်တရုတ်တို့၏လွှမ်းမိုးမှု ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍ၏ နယ်ပယ်ဟု သာမန်အားဖြင့် ယူဆကြသော စီးပွားရေးလုပ်ငန်းများကိုအစိုးရက ဝင်ရောက်ဆောင်ရွက်ရန်အတွက် အရေးကြီးလာရပါသည်။

၃။ ထိုသို့သော အခြေအနေမျိုးကို အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့ တွေ့ကြုံ ရပါသည်။

၄။ ထိုင်းနိုင်ငံတွင်ပင်လျှင် အစောပိုင်းကာလများက တရုတ်ကုန်သည်များ စီးပွားရေး လုပ်ငန်းရှင်များ၏ အရှိန်အဝါကြီးမားလာမှုကိုတုံ့ပြန်ရန် နိုင်ငံပိုင်ကုန်သွယ်ရေး လုပ်ငန်းများကို ပြည်နယ်များတွင် တည်ထောင်ခဲ့ရပါသည်။

**လူမှုရေးကိစ္စများ**

၁။ စီးပွားရေးအတွက် အစိုးရကပါဝင်ဆောင်ရွက်ရန်အရေးသည် လူမှုရေးကိစ္စရပ်
mgyoe.com

mgyoe.com
များကို ထည့်သွင်းစဉ်းစားသည့်အခါပိုမို၍ လိုအပ်လာပါသည်။

၂။ သာဓကအားဖြင့် အလုပ်အကိုင်ရရှိရေးနှင့် လူမှုရေးတင်းမာမှုများ လျော့ပါးရေး အတွက် အားနည်းသော စီးပွားရေးလုပ်ငန်းများကို အစိုးရကတာဝန်ယူဆောင် ရွက်ရပါသည်။

၃။ ထို့ကြောင့် အစိုးရက အကျိုးအမြတ်မရှိသော စီးပွားရေးလုပ်ငန်းများကို ဝင်ရောက် ဆောင်ရွက်ရကာ ဘက်ဂျက်လိုငွေကိုလည်း တိုးပွားစေခဲ့ပါသည်။ သာမန် စီးပွားရေးတွက်ကိန်းဖြင့်ဆိုလျှင် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ရပ်ဆိုင်းရမည့် စီးပွားရေးလုပ်ငန်းများကို ရှင်သန်အောင် ဆောင်ရွက်ရပါမည်။

နိုင်ငံရေးအကြောင်းတရားများ

၁။ နောက်ဆုံးအနေဖြင့် နိုင်ငံရေးအကြောင်းတရားများကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။

၂။ နိုင်ငံရေးတွင် ထိပ်တန်းရောက်နေသူများကို အောက်ပါနည်းလမ်းများဖြင့် ၎င်းတို့၏အကျိုးစီးပွားအတွက် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အသုံးချလေ့ရှိပါသည်။ (က) မိမိတို့၏နောက်လိုက်နောက်ပါများ အခွင့်အရေးပေးရန်၊ (ခ) ပုဂ္ဂလိက လုပ်ငန်းများထံမှ ငွေကြေးနှင့်အခြားအကျိုးစီးပွားများ ပြန်လည်ရရှိရန် မျှော်လင့် ချက်ဖြင့် ကန်ထရိုက်ပေးရန်၊ (ဂ) ထိပ်ပိုင်းရာထူးများကို ဆွေမျိုးများ မိတ်ဆွေ များဖြင့် ဖြည့်တင်းရန်တို့ဖြစ်သည်။

❑

mgyoe.com

. mgyoe.com

# ပုဂ္ဂလိကပိုင်ပြုခြင်း (၂)

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတိုးပွားလာခြင်း**

၁။ အထက်ပါ အကြောင်းတရားများကြောင့် နိုင်ငံအတော်များများတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံထွက်ကုန်၏အများစုကို ထုတ်လုပ်ကြသည်။

၂။ ၎င်းတို့သည် စီးပွားရေးအဆောက်အအုံတစ်ခုလုံးအတွက် အခြေခံသွင်းကုန်များ၊ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများကိုသာ ဖြည့်ဆည်းပေးကြခြင်း မဟုတ်ပေ။

၃။ စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးမှအစ ငွေကြေးနှင့်ဘဏ်လုပ်ငန်းအပါအဝင် နယ်ပယ်များစွာသို့ ချဲ့ထွင်ကြသည်။

၄။ အများအားဖြင့် ထိုနယ်ပယ်များသည် ပုဂ္ဂလိကကဏ္ဍက နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်သော နယ်ပယ်များဖြစ်ကြသည်။ အထူးသဖြင့် ပုဂ္ဂလိကလုပ်ငန်းများက အချိန်ကြာမြင့်သည်နှင့်အမျှ စွမ်းရည်မြင့်မားလာသောအခါ နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်ကြသည်။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သောပြဿနာများ**

အစိုးရက ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့် ဘဏ္ဍာရေးတို့တွင် ပါဝင်ဆောင်ရွက်မှု

mgyoe.com

တိုးပွားလာခြင်းကြောင့်အောက်ပါတို့ကို ဖြစ်ပေါ်စေပါသည်။

၁။ ရည်ရွယ်ချက်များပြားလွန်းခြင်း (ဥပမာ ဒေသခံများအကျိုးခံစားခွင့်ရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုဖူလုံရေး၊ လုပ်သားများ၏ဘဝကို အထောက်အကူပြုသောစနစ်ရှိရေး)

၂။ ဗျူရိုကရေစီလုပ်ထုံးလုပ်ငန်းများနှင့်

၃။ အခြေခံအားဖြင့် စီးပွားဖြစ်လုပ်ရမည့်ကိစ္စများကို နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုရှိခြင်းတို့ ဖြစ်ပါသည်။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင်ပြောင်းလဲမှု**

၁။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက နိုင်ငံ၏စီးပွားရေးအဆောက်အအုံတွင် ပါဝင်မှု တိုးပွားလာခြင်းကြောင့်၊ ၎င်းတို့၏စွမ်းရည်နှင့် ထုတ်လုပ်မှုစွမ်းအားမြင့်မားရေးကိုရည်ရွယ်သော ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏စွမ်းရည်ကို အလေးပေးရန် လိုအပ်လာသည်။

၂။ ထို့ကြောင့် နိုင်ငံအတော်များများတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏စွမ်းရည်ကို အလေးပေးလာကြသည်။

၃။ အဓိကအားဖြင့် စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကာ နိုင်ငံပိုင်လုပ်ငန်းများ၏ လည်ပတ်မှုစွမ်းရည်မြင့်မားစေရန် ဆောင်ရွက်ကြသည်။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း**

၁။ အစိုးရဝန်ကြီးဌာနများက ၎င်းတို့အပေါ်ချမှတ်ထားသော ထိန်းချုပ်မှုများလျှော့ချကာ ဆုံးဖြတ်ခွင့်ပေးခြင်း၊ ပိုမိုလွတ်လပ်ခွင့်ပြုခြင်း၊

၂။ စီးပွားရေးလုပ်ငန်းများ၏အရှုံးအမြတ်အတွက် လုပ်ငန်းများ ကိုယ်တိုင်တာဝန်ယူစေခြင်း၊

၃။ အလုပ်အကိုင်ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်းတို့တွင် မန်နေဂျာများကို လုပ်ပိုင်ခွင့်ပိုပေးခြင်း၊

၄။ ထုတ်လုပ်မှုစွမ်းအားမြင့်မားစေရန် ဆုကြေးပေးသည့်ပုံစံဖြင့် ရုပ်ဝတ္ထုမက်လုံးပေးခြင်းတို့ ဖြစ်ပါသည်။

၅။ ယခုအထိ အထက်ပါနည်းလမ်းများ၏ရလဒ်များသည် အကောင်းအဆိုးရောထွေးနေပြီး ယေဘုယျအားဖြင့် အောင်မြင်မှုနည်းပါးသည်။

mgyoe.com

mgyoe.com

**ဈေးနှုန်းပြုပြင်ပြောင်းလဲမှုများ**

၁။ ဈေးနှုန်းပြုပြင်ပြောင်းလဲမှုများသည် တိုးတက်မှုနှေးကွေးသော အရေးကြီးသည့် နယ်ပယ်တစ်ခုဖြစ်သည်။

၂။ နိုင်ငံပိုင်လုပ်ငန်း အတော်များများသည် အပြည့်ပြိုင်ဆိုင်မှုမရှိ လက်ဝါးကြီးအုပ် ဈေးကွက်များအောက်တွင် လည်ပတ်နေကြသည်ဖြစ်ရာ၊ လုပ်ငန်းများ ကိုယ်တိုင် ဈေးနှုန်း သတ်မှတ်ခွင့်မပြုသင့်ပါ။

၃။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ထုတ်ကုန်များသည် အခြေခံသွင်းအားစုများနှင့် ဝန်ဆောင်မှုများ အခြေခံလိုအပ်ချက်များပါဝင်နေရာ ငွေဖောင်းပွမှုထိန်းချုပ်ရေး၊ စရိတ်လျှော့ချနိုင်ရေးအတွက်၊ ၎င်းတို့၏ဈေးနှုန်းများကို ထိန်းချုပ်ရန်လိုအပ်သည်။

၄။ သို့သော်လည်းကာလကြာရှည်စွာ ဈေးနှုန်းများကို ပုံသေသတ်မှတ်ထားသော အခါထုတ်လုပ်မှုစွမ်းအား အပြောင်းအလဲကို ထင်ဟပ်နိုင်ခြင်းမရှိ၊ စရိတ်အပြောင်း အလဲနှင့်ဆက်စပ်ခြင်းလည်းမရှိ၊ နိုင်ငံတကာဈေးနှုန်းများနှင့်လည်း လွဲချော် နေသည်။ အထူးသဖြင့် ပြည်ပမှတင်သွင်းလာသော သွင်းအားစုများ၏ ဈေးနှုန်း သည် လျင်မြန်စွာ ပြောင်းလဲနေရာဈေးနှုန်းများ ပြောင်းလဲလွယ်မှုမရှိခြင်းကြောင့် အချို့နိုင်ငံပိုင်လုပ်ငန်းများသည် ကြီးကြီးမားမားအရှုံးပြကြရသည်။

**လျှပ်စစ်ဈေးနှုန်းသာဓက**

၁။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပြဿနာနှင့်ပတ်သက်၍ ထင်ရှားသော သာဓက တစ်ခုမှာ လျှပ်စစ်ဓါတ်အားခ သတ်မှတ်ခြင်းဖြစ်သည်။

၂။ စားသုံးသူပြည်သူအများစု အကျိုးအတွက်နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် လျှပ်စစ် ဓာတ်အားခကို နိမ့်ချသတ်မှတ်ခြင်းကြောင့် နိုင်ငံပိုင်လုပ်ငန်းများကြီးမားစွာ အရှုံး ပြကြသည်။

၃။ ထို့ကြောင့်လုပ်ငန်းကိုတိုးချဲ့ရန် ရင်းနှီးမြှုပ်နှံခြင်းမပြုနိုင်၊ အပိုပစ္စည်းမဝယ်နိုင်၊ လက်ရှိစက်ယန္တရားများနှင့် ကိရိယာများကို လုံလောက်သော ပြုပြင်ထိန်းသိမ်း မှုမပြုနိုင်၊

၄။ လက်ရှိသုံးစွဲနေသော အချို့စက်များနှင့် မီးလိုင်းများသည်၊ ၎င်းတို့၏စီးပွားရေး သက် တမ်းကို အဆမတန်ကျော်လွန်လျက်ရှိသည်။

၅။ ထို့ကြောင့် မကြာခဏ မီးပြတ်ခြင်း၊ စိတ်မချရခြင်း၊ ဝန်ဆောင်မှုညံ့ဖျင်းခြင်း တို့နှင့်တွေ့ကြုံရသည်။ လိုအပ်သောဓာတ်အားကို လုံလောက်အောင် ဖြည့်ဆည်း

mgyoe.com

mgyoe.com

ပေးနိုင်ခြင်း မရှိ၊ အရည်အသွေးလည်း ညံ့ဖျင်းသည်။

၆။ လျှပ်စစ်ဓာတ်အား၏ အရည်အသွေး ညံ့ဖျင်းခြင်းကြောင့်နည်းပညာမြင့် ထုတ်ကုန်များနှင့် လုပ်ငန်းစဉ်များကို ဒုက္ခပေးသည်။

၇။ တစ်စက္ကန့်၏အစိတ်အပိုင်းတစ်ခုမျှ လျှပ်စစ်ဓါတ်အား မတည်ငြိမ်ခြင်း၊ ကြန့်ကြာနေခြင်းသည် ကွန်ပျူတာဖြင့် ထိန်းချုပ်ထားသော စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများကို ဒုက္ခပေးသည်။

၈။ လျှပ်စစ်ဓါတ်အားမမှန် မကြာခဏ အတက်အကျများသော နိုင်ငံများတွင် စက်ယန္တရားများနှင့် အသုံးအဆောင်များပျက်စီးမှုကို ကာကွယ်ရန် ဓာတ်အားပေးစက်များကို အဆင်သင့်ဆောင်ထားကြရသည်။

၉။ လျှပ်စစ်ဓါတ်အားခသက်သာခြင်းကြောင့် စီးပွားရေးမဆန်သော သုံးစွဲမှုများနှင့် လေလွင့်မှုများကို ဖြစ်ပေါ်စေသည်။

၁၀။ ဆယ်စုနှစ်ပေါင်းများစွာ လျှပ်စစ်ဓာတ်အားခက စရိတ်ထက်များစွာ နိမ့်ကျနေသောအခါ သုံးစွဲသူများအနေဖြင့်စွမ်းအင်သက်သာသော နည်းပညာများ၊ ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုလိုစိတ်နည်းပါးစေသည်။

၁၁။ ထို့ကြောင့် ဈေးနှုန်းများကိုဆက်လက်၍ နိမ့်ချမထားနိုင်သောအခြေအနေမျိုးနှင့် မလွှဲမရှောင်သာတွေ့ကြုံရသည့်အခါ မြင့်မားသည့် လျှပ်စစ်ဓာတ်အားခကို ပေးဆောင်ရန်အတွက် အဆင်သင့်မဖြစ်တော့ပေ။

၁၂။ လျှပ်စစ်ဓါတ်အားခနှင့် စရိတ်ကြီးမားမှုတို့သည် ဈေးနှုန်းတက်သည့် အသွင်ဖြင့်စားသုံးသူများထံ ရောက်သွားပြီး ဆန္ဒပြမှုများ လူမှုရေးမတည်ငြိမ်မှုများကို ဖြစ်ပေါ်စေနိုင်သည်။

## အလွတ်သဘောကဏ္ဍ မှောင်ခိုဈေးကွက်ပေါ်ပေါက်လာခြင်း

၁။ စရိတ်နှင့်၊ နိုင်ငံတကာဈေးနှုန်းနှင့်၊ကိုက်ညီမှုမရှိ၊ သဘာဝမကျစွာ သက်သာသောဈေးနှုန်းဖြင့် ကုန်စည်များရောင်းချနေခြင်းသည် ထုတ်လုပ်မှုတိုးပွားလိုစိတ်ကို လျော့ပါးစေခြင်းကြောင့်ကုန်ပစ္စည်းပြတ်တောက်မှုများ ခွဲတန်းချရောင်းချခြင်းများကိုဖြစ် ပေါ်စေသည်။

၂။ ထိုမှတစ်ဆင့် ပြည်တွင်းထွက်ကုန်များပြည်ပမှ တရားမဝင်တင်သွင်းလာသောသွင်းကုန်များသည် အစိုးရ၏ဈေးနှုန်းထက် သိသိသာသာမြင့်မားသော ဈေးနှုန်းများတွင် ရောင်းဝယ်သော မှောင်ခိုဈေးကွက်ပေါ်ပေါက်လာရန် အားပေးသည်။

mgyoe.com

mgyoe.com
၃။ ထို့ကြောင့် ဈေးနှုန်းများကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံပိုင်လုပ်ငန်းများကရရှိမည့် အမြတ်များသည် တရားမဝင်သော ပုဂ္ဂလိကကုန်သည်များလက်သို့ ရောက်သွားသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး

၁။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အခြားသော စိုးရိမ်မကင်းဖြစ်စေသော အကြောင်းတစ်ခုမှာ အမြဲတမ်း များများစားစားအရှုံးပြနေခြင်း၊ လုပ်ငန်းလည်ပတ်ရာတွင် လိုငွေပြနေခြင်းတို့ ဖြစ်သည်။

၂။ ထိုလိုငွေကိုအစိုးရက ကျခံရသဖြင့် ဘက်ဂျက်လိုငွေကြီးမားမှုကို ဖြစ်ပေါ်စေသည်။

၃။ ဘက်ဂျက်လိုငွေများကို ငွေစက္ကူရိုက်နှိပ်ခြင်း၊ ဘဏ်က ငွေထုတ်ချေးခြင်းတို့ဖြင့် ကျခံရသည်။

၄။ ရလဒ်မှာ (က) စားသုံးသူများ အထူးသဖြင့် ဆင်းရဲသားများ အခက်အခဲတွေ့စေသော ငွေဖောင်းပွမှုကို တွေ့ကြုံရခြင်း၊ (ခ) ပြန်မဆပ်သည့်ကြွေးဆုံးများကြောင့် ဘဏ်များဒုက္ခရောက်ခြင်းတို့ဖြစ်ပါသည်။

ထုတ်လုပ်သူဦးတည်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

၁။ အထက်တွင် ဖော်ပြခဲ့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အားနည်းချက်များကို ကျော်လွှားရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရန်အကြံပြုကြသည်။

၂။ အခြေခံအားနည်းချက်များဖြစ်သော နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုနှင့် ရည်ရွယ်ချက်များပြားမှုတို့အပြင် အခြေခံအားနည်းချက်တစ်ခုမှာ နိုင်ငံပိုင်လုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားမြင့်မားရေး၊ စွမ်းရည်မြင့်မားရေးတို့အတွက် တွန်းအားပေးနိုင်သော သင့်တော်သည့်နည်းလမ်းရှိပုံမရပေ။

၃။ အမှန်တကယ်တွင် နိုင်ငံပိုင်လုပ်ငန်းများသည် မန်နေဂျာများ၊ ဝန်ထမ်းများ၏ အကျိုးစီးပွားကိုသာအခြေခံအားဖြင့် ထမ်းရွက်သော၊ ထုတ်လုပ်သူဦးစားပေးသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်နေသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှတစ်ဆင့်စားသုံးသူကိုဦးတည်စေခြင်း

၁။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၏ အဓိကဆွဲဆောင်မှုမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဆောင်ရွက်စေခြင်းအားဖြင့် စွမ်းဆောင်ရည်မြင့်မားစေရန်ဖြစ်သည်။
mgyoe.com

mgyoe.com

၂။ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စားသုံးသူဘက်သို့ ပြန်လည်ဦးတည်ပေးရန် ဖြစ်သည်။

၃။ ပုဂ္ဂလိကပိုင်ပြုခြင်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စားသုံးသူများ၏ ဝယ်လိုအား၊ ၎င်းတို့၏အကြိုက်နှင့်ကိုက်ညီသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်စေရန် သွင်းအားပေးသည်။

၄။ ဒေဝါလီခံရန်နှင့် လုပ်ငန်းဖျက်သိမ်းရန် ခြိမ်းခြောက်မှုရှိခြင်းကြောင့် စရိတ်သက်သက်သာသာထုတ်လုပ်မှုကို ဖြစ်ပေါ်စေနိုင်သည်။

ပုဂ္ဂလိကပိုင်ပြုခြင်း၏ အကြောင်းတရားများနှင့်မျှော်မှန်းသော ရလဒ်ကောင်းများ

၁။ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားစေခြင်း၊

၂။ ဈေးကွက်၏ စည်းမျဉ်းစည်းကမ်းကိုလိုက်နာဆောင်ရွက်စေခြင်း။

၃။ ပြိုင်ဆိုင်မှုတိုးပွားရန်အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

၄။ အစိုးရ၏ဘဏ္ဍာငွေ တိုးပွားစေခြင်း။

၅။ အစိုးရ၏ဘက်ဂျက်လိုငွေကို လျှော့ချပေးခြင်း။

၆။ စီးပွားရေးအဆောက်အအုံတွင် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုကို လျှော့ချပေးခြင်း။

၇။ အစုရှယ်ယာပိုင်ဆိုင်မှုကျယ်ပြန့်လာစေနိုင်ခြင်း။

၈။ အရင်းအနှီးဈေးကွက် တည်ထောင်ရေးကိုအထောက်အကူပြုစေခြင်း။

၉။ IMF နှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများက ပုဂ္ဂလိကပိုင်ပြုရန် အကြံပြုလေ့ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအားအကူအညီပေးမည့်အစီအစဉ်တွင် ထည့်သွင်းထားကြခြင်းတို့ဖြစ်သည်။

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုခြင်း (၃)

**ပုဂ္ဂလိကပိုင်ပြုမှုအတွေ့အကြုံ**

ပုဂ္ဂလိကပိုင်ပြုရာမှ ထွက်ပေါ်လာသော ရလဒ်များအကောင်းအဆိုးသည် အောက်ပါအချက်များအပေါ်တွင် မူတည်သည်။

၁။ မည်သို့ ပြုလုပ်သည်။

၂။ မည်သည့်ပုံသဏ္ဌာန်ဖြစ်သွားသည်။

၃။ မည်သည့်အတွက်ကြောင့် ပြုလုပ်သည်။

၄။ မည်သည့်ကုမ္ပဏီ သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကပိုင်ပြုသည်။

၅။ မည်သူက ဦးဆောင်ပြုလုပ်သည်။

၆။ အချိတ်အဆက် –ပုဂ္ဂလိကပိုင်ပြုရာတွင် အောင်မြင်မှုရစေရန်အတွက် ပုဂ္ဂလိကပိုင်မပြုမီနှင့်ပြုပြီး ဆောင်ရွက်ရမည့် လုပ်ငန်းများချိတ်ဆက်ထားမှုတို့ဖြစ်သည်။

၇။ ၎င်းတို့ကိုအောက်တွင် အသေးစိတ်ဆွေးနွေးပါမည်။

**ပုဂ္ဂလိကပိုင်ပြုလုပ်နည်းများ**

နည်းလမ်း ၄ သွယ်ရှိသည်။

**၁။ ရှယ်ယာထုတ်ဝေရောင်းချကာ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း**

ပုဂ္ဂလိကပိုင်ပြုမည့် နိုင်ငံပိုင်လုပ်ငန်းများ၏ ရှယ်ယာများကို စတော့ရှယ်ယာဈေးကွက်တွင်ရောင်းချခြင်း

**၂။ တိုက်ရိုက်ရောင်းချသည့်နည်း**

လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဈေးအများဆုံးပေးသူသို့လေလံတင်ရောင်းချခြင်း။

mgyoe.com

mgyoe.com

**၃။ ဘောက်ချာများ ထုတ်ဝေခြင်း**

သက်သာသော ဈေးနှုန်းဖြင့်သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း၊ နိုင်ငံသားများကို ဘောက်ချာများပေးဝေသည်၊ ထိုဘောက်ချာများကို ပုဂ္ဂလိကပိုင်ပြုသည့်ကုမ္ပဏီများ၏ ရှယ်ယာများနှင့် လဲလှယ်နိုင်သည်။

**၄။ တစ်ဆင့်ခံဆောင်ရွက်စေခြင်း**

အစိုးရက ကိုယ်စားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းများကို ကန်ထရိုက်ပေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်းတို့ဖြစ်သည်။

**စတော့ရှယ်ယာထုတ်ဝေရောင်းချခြင်း**

စတော့ရှယ်ယာဈေးကွက်ရှိသည့်နေရာများတွင် ဤနည်းလမ်းကို တွင်တွင်ကျယ်ကျယ်ကျင့်သုံးသည်။

**၁။ အကျိုးကျေးဇူးများ**

မြင်သာထင်သာရှိခြင်း၊မည်သူက မည်မျှပေးပြီးဝယ်သည်ကို အများပြည်သူက မြင်တွေ့နိုင်ခြင်း၊ ပုဂ္ဂလိကပိုင်ပြု နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် အများပြည်သူက ရှယ်ယာဝယ်နိုင်သဖြင့် နိုင်ငံရေးအရဆွဲဆောင်မှုရှိခြင်း၊ နိုင်ငံရေးအရ အင်အားကြီးသော ရင်းနှီးမြှုပ်နှံသူက ရှယ်ယာအားလုံးကိုရယူသွားမည့် အန္တရာယ်မှ ကာကွယ်တားဆီးနိုင်ခြင်း၊

**၂။ အားနည်းချက်**

အစုရှယ်ယာပိုင်ဆိုင်သူများပြားခြင်းကြောင့် စီမံခန့်ခွဲရာတွင်ခက်ခဲခြင်း၊ နည်းပညာအားဖြင့်လည်းကောင်း၊ စီမံခန့်ခွဲမှုအရလည်းကောင်း၊ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သော မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံသူများပါဝင်မှု မရှိခြင်း၊

**တိုက်ရိုက်ရောင်းချခြင်း**

အောက်ပါနည်းလမ်းများကို ကျင့်သုံးသည်။

၁။ အစိုးရက နိုင်ငံပိုင်လုပ်ငန်းတစ်ခုကိုလေလံပစ်ရောင်းချခြင်း၊

၂။ ကုမ္ပဏီကိုဝယ်ယူရန် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ အပြိုင်အဆိုင်လေလံဆွဲခြင်း၊

၃။ လေလံဆွဲရာတွင် အားလုံးပွင့်လင်းစွာဆောင်ရွက်နိုင်သည်၊ အများဆုံးပေးသော ရင်းနှီးမြှုပ်နှံသူက ကုမ္ပဏီကိုဝယ်ယူခွင့်ရမည်၊

၄။ သို့မဟုတ် အစိုးရက အလားအလာရှိသည့် ဝယ်ယူသူများကို တစ်ဦးချင်း

mgyoe.com

mgyoe.com
သုံးသပ်ကာ သင့်တော်သည်ဟုယူဆသည့် သူသို့ရောင်းချမည်၊

အားသာချက်နှင့်အားနည်းချက်များ

၁။ အားသာချက်များ

အပြိုင်အဆိုင် လေလံပေးဝယ်ယူခြင်းကြောင့် အစိုးရအတွက် ဝင်ငွေအများဆုံးရမည်၊ အရင်းအနှီးအပြင် နည်းပညာနှင့် စီမံခန့်ခွဲမှုစွမ်းရည်များပေးနိုင်သော မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံသူများကိုလည်း ရရှိစေနိုင်သည်။

၂။ အားနည်းချက်များ

ပုဂ္ဂလိကပိုင်ပြုသည့် ကုမ္ပဏီတွင် အများပြည်သူ ပါဝင်ခွင့်မရသဖြင့်နိုင်ငံရေးအရ လူကြိုက်နည်းသည်၊ ရှယ်ယာများကို ထုတ်ဝေခြင်း၊ ရောင်းချခြင်းမပြုသဖြင့် စတော့ရှယ်ယာဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူမပြု၊ အပြိုင်အဆိုင်ဝယ်ယူခြင်းမပြုလျှင် ဈေးသက်သက်သာသာနှင့်ရောင်းချရ၍ ဝယ်ယူသူအတွက် အများကြီးအကျိုးရှိသည်။

ဘောက်ချာရောင်းချခြင်း

ဤနည်းလမ်းကို ရုရှနှင့်အရှေ့ဥရောပ အသွင်ကူးပြောင်းနေသော နိုင်ငံများတွင် ချမှတ်ဆောင်ရွက်သည်။

၁။ အားသာချက်များ

အများပြည်သူ ပါဝင်ခွင့်ရသဖြင့် နိုင်ငံရေးအရ လူကြိုက်များသည်၊ ချမ်းသာသည့် လူတစ်စုကိုသာ ရှယ်ယာရောင်းချခြင်းမဟုတ်၊ အများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းချသဖြင့် မျှမျှတတရှိသည်ဟု ယုံကြည်ကြသည်။ လူအတော်များများသည် ရှယ်ယာပိုင်ရှင်များဖြစ်လာကြသဖြင့် စတော့ရှယ်ယာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်ရေးကို အကျိုးပြုသည်။

၂။ အားနည်းချက်များ

ဤနည်းလမ်းကြောင့် အစိုးရ၏ဘဏ္ဍာတော်ကို တိုးပွားစေခြင်း မရှိပေ။အကောင်အထည်ဖော်ရာတွင် အားနည်းချက်များ ရှိသည်။ ဘောက်ချာများကို ချမ်းသာသူ လူတစ်စုသို့မဟုတ် ဘဏ်များက ဝယ်ယူကြသည်။ ထို့ကြောင့် ချမ်းသာသူများက ပိုမိုချမ်းသာလာကြပြီး၊ ပုဂ္ဂလိကပိုင်ပြုသည့်ကုမ္ပဏီသည် ချမ်းသာသူလူနည်းစုလက်ထဲသို့ ရောက်ရှိသွားကြသည်။
mgyoe.com

mgyoe.com

ပုဂ္ဂလိကလုပ်ငန်းများကိုကန်ထရိုက်နှင့် လိုင်စင်များပေးခြင်း

၁။ ပုဂ္ဂလိကလုပ်ငန်းတစ်ခုသည် အစိုးရနှင့် ဖက်စပ်လုပ်ခြင်း သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ တစ်စိတ်တစ်ဒေသကိုရယူကာ အစိုးရကကျန်ရှိသည့်အပိုင်းကို တာဝန်ယူဆက်လက်ထိန်းချုပ်ထားခြင်း၊

၂။ ထိုသို့အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများ ပုဂ္ဂလိကလုပ်ငန်းသို့ ကန်ထရိုက်ပေးသည့်နည်းသည် လာမည့်နှစ်များတွင်ပို၍ အရေးပါလာနိုင်သည်။

၃။ အချို့စက်မှုနိုင်ငံများတွင်သန့်ရှင်းရေး၊ မြူနီစီပယ်၊ ရေပေးဝေရေး၊ မီးကြိုတင်ကာကွယ်ရေး၊ အကျဉ်းထောင်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုအပါအဝင် လုပ်ငန်းပေါင်းစုံကို ပုဂ္ဂလိကလုပ်ငန်းများသို့ အပ်နှံဆောင်ရွက်စေသည်။ ထိုလုပ်ငန်းများသည် အဆင်ပြေပြီး အကျဉ်းသားများက ပုဂ္ဂလိက စီမံခန့်ခွဲမှုအောက်ရှိထောင်များတွင်ပိုမို၍ နေထိုင်လိုကြသည်။

၄။ သို့သော်လည်း ပြဿနာများရှိသည်၊ ဥပမာ – ကန်ထရိုက်ပေးရာတွင် စရိတ်သက်သာဆုံးဆောင်ရွက်ပေးနိုင်သူကို ရွေးချယ်ခြင်းမပြုဘဲ မိတ်ဆွေများ၊ နိုင်ငံရေးမဟာ မိတ်များကိုပေးလေ့ရှိသည်။ ပို၍အရေးကြီးပြီး စိတ်ဝင်စားစရာကောင်းသောပြဿနာများလည်း ရှိပါသေးသည်။

ပုဂ္ဂလိကပိုင်ပုံသဏ္ဍာန်အမျိုးမျိုး

၁။ အစိုးရက လုပ်ငန်းတစ်ခုကိုရာနှုန်းပြည့်ရောင်းချခြင်း

၂။ လုပ်ငန်း၏တစ်စိတ်တစ်ဒေသကို ရောင်းချခြင်း

၃။ ယေဘုယျအားဖြင့် လုပ်ငန်း၏ ၅၁ ရာခိုင်နှုန်းကို ရောင်းချကာ စီမံခန့်ခွဲပိုင်မှုကိုစွန့်လွှတ်လျှင် အမှန်တကယ် ပုဂ္ဂလိကပိုင်ပြုသည်ဟု ယူဆကြသည်။

၄။ အစိုးရက အမျိုးမျိုးရောမွှေ၍လည်းရောင်းချနိုင်သည်။ ဥပမာ ကုမ္ပဏီတန်ဖိုး၏ရာခိုင်နှုန်းတစ်ခုကို အကျိုးအမြတ်လည်းရှိ စွမ်းရည်လည်းမြင့်မားလာစေရန်အတွက် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံသူတစ်ဦးကို ရောင်းချသည်။ ထို့နောက် ၆ လ သို့မဟုတ် ၁ နှစ်ခန့်ကြာသည့်အခါ ကျန်ကုမ္ပဏီကို အများပြည်သူသို့ရောင်းချသည်။

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုခြင်း (၄)

**၁၉၈၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိကပိုင်ပြုမှု မြင့်မားခဲ့ခြင်း**

၁။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိကပိုင်ပြုမှု အရှိန်အဟုန် မြင့်မားခဲ့သည်။

၂။ စောစောပိုင်းနှစ်များက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးမူဝါဒသည် စီးပွားရေးအဆောက်အအုံတွင် နိုင်ငံတော်က ပါဝင်ရေးကို အလေးထားသည်။ ထို့ကြောင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းပေါင်းများစွာကို တည်ထောင်ခဲ့ကြသည်။

၃။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိကကဏ္ဍကို အလေးပေးလာကြသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုသည် နိုင်ငံပိုင်ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုထက် ပိုမိုကောင်းမွန်ပြီး စီးပွားရေးရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်သည်ဟု ယုံကြည်လာခဲ့ကြသည်။

၄။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်ကာ စီးပွားရေးတိုးတက်မှုကို ဆောင်ရွက်သော စီးပွားရေးမူဝါဒများကို ချမှတ်လာကြသည်။ ပုဂ္ဂလိကကုမ္ပဏီများသည် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော ကုန်စည်နှင့် ဝန်ဆောင်မှုများကို စရိတ်သက်သက်သာသာ ဆောင်ရွက်ပေးနိုင်သည်ဟု ယုံကြည်လာခဲ့ကြသည်။

**Margaret Thatcher E Sifh Ronald Reagan**

၁။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ပုဂ္ဂလိကပိုင်ပြုမှု ပြန့်ပွားလာခြင်းသည် အဓိကအားဖြင့် Margaret Thatcher နှင့် Ronald Reagan တို့ကြောင့်ဖြစ်သည်။

mgyoe.com

mgyoe.com

၂။ Margaret Thatcher သည် ၁၉၇၉ ခုနှစ်တွင် UK ၏ ဝန်ကြီးချုပ်ဖြစ်လာပြီး ရည်မှန်းချက်ကြီးမားသော ပုဂ္ဂလိကပိုင်ပြုရေး အစီအစဉ်ကိုစတင်ကာ နိုင်ငံပိုင်လုပ်ငန်း အတော်များများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းခဲ့သည်။

၃။ Ronald Reagan သည် ၁၉၈၂ ခုနှစ်တွင် အမေရိကန်သမ္မတဖြစ်လာခဲ့သည်။ ရောင်းလိုအားဘက် ဘောဂဗေဒဟူသော စီးပွားရေးမူဝါဒကိုချမှတ်ခဲ့သည်။ မူဝါဒအရ နိုင်ငံတစ်ခု၏အကျိုးအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ရောင်းလိုအားသို့မဟုတ် ထုတ်လုပ်မှုကို တိုးမြှင့်ရမည်။ အခွန်လျှော့ချခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများအပေါ် ချမှတ်ထားသော အစိုးရ၏ စည်းမျဉ်းစည်းကမ်းများကို လျှော့ချခြင်း၊ အစိုးရ၏အသုံးစရိတ်ကို လျှော့ချခြင်းဖြင့် ဆောင်ရွက်နိုင်မည်။ ဤနည်းလမ်းများသည် ငွေဖောင်းပွမှုကို ထိန်းချုပ်ကာ စီးပွားရေးတိုးတက်မှုကို ရရှိစေနိုင်သည်။

## Margaret Thatcher ၏အရေးပါမှု

၁။ Ronald Reagan သည် အရေးပါသော်လည်းသမိုင်းတွင် Margaret Thatcher သည် ပုဂ္ဂလိကပိုင်ပြုမှုကို ဦးစီးဦးဆောင်လုပ်သူအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။

၂။ အကြောင်းတရား ၃ ခုကြောင့် ထိုသို့ မှတ်တမ်းတင်ခြင်းခံရသည်။

က။ သူက ဆိုရှယ်လစ်ဝါဒကို သဘောမကျ၊ အကျင့်ပျက်စေနိုင်သည်ဟု ဖော်ပြသည်။

ခ။ ဈေးကွက်ယန္တရားကို မမိုတ်မသုန် ယုံကြည်သည်။

ဂ။ အလုပ်သမားသမဂ္ဂများကို ထိန်းချုပ်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုသည့်နည်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

၃။ သူ့အာဏာရသည့်အခါက ဗြိတိန်တွင် အလုပ်သမားဆူပူဆန္ဒပြမှုများ အများအပြားဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြမှုများပြားလှသဖြင့် အမှိုက်များကိုမသိမ်း၊ သုဘရာဇာများ ဆန္ဒပြနေကြသဖြင့် သေဆုံးသူများ၏ အလောင်းများကိုမြှုပ်နှံခြင်းမပြုနိုင်။ Margaret Thatcher သည် အလုပ်သမားသမဂ္ဂများကို အောင်မြင်စွာ ပြုပြင်ပြောင်းလဲနိုင်ခဲ့သဖြင့် ချီးကျူးခံရသည်။

## Thatcher ၏ အငွေ့အနစ်

၁။ အဘယ့်ကြောင့် ပုဂ္ဂလိကပိုင်ပြုသနည်းဟု စဉ်းစားရာတွင် Margaret Thatcher

mgyoe.com

mgyoe.com

ချန်ရစ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုရေးအမွေအနှစ်မှ တွေးခေါ်ဆင်ခြင်စရာများ ရရှိနိုင်သည်။ သူသည် အကြီးအကျယ် ပုဂ္ဂလိကပိုင်ပြုရေးအစီအစဉ်ကို UK တွင် ချမှတ် အကောင်အထည်ဖော်ခဲ့သည်။ ထိုအခါ ဥရောပ၊ လက်တင်အမေရိက၊ အာရှနှင့်အာဖရိကရှိ အခြားနိုင်ငံများကလည်း လိုက်လံအတုခိုးဆောင်ရွက်ကြသည်။

၂။ သူဆောင်ရွက်ခဲ့သော ပုဂ္ဂလိကပိုင်ပြုရေးအစီအစဉ်တွင် ကျောက်မီးသွေး၊ သံနှင့် သံမဏိ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေပေးရေး၊ မီးရထား၊ လေကြောင်း၊ ဆက်သွယ်ရေး၊ ပြည်သူ့အိမ်ရာလုပ်ငန်းများ ဆောင်ရွက်နေသည့် UK အစိုးရကုမ္ပဏီကြီးများ ပါဝင်သည်။

၃။ လန်ဒန် အီကောနောမစ်မဂ္ဂဇင်းကြီးက ၁၉၉၈ ခုနှစ် ဇွန်လတွင် UK တွင် ပုဂ္ဂလိကပိုင်ပြုမှု အကြီးအကျယ်အောင်မြင်သည်ဟု ရေးသားခဲ့ပါသည်။

## UK ပုဂ္ဂလိကပိုင်ပြုမှုမှရရှိသော တွေးတောဆင်ခြင်စရာများ

အီကောနောမစ်မဂ္ဂဇင်းကြီးက UK တွင် ပုဂ္ဂလိကပိုင်ပြုရာတွင် အထူးသဖြင့် အောင်မြင်မှုရရှိခဲ့သော နယ်ပယ် ၃ ခုကိုဖော်ပြသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ စတော့ရှယ်ယာဈေးကွက်တွင် စတော့ရှယ်ယာများ ဝယ်ယူမြှုပ်နှံကြ၊ ပိုင်ဆိုင်ကြသော သာမန် ပြည်သူပြည်သားအရေအတွက် သိသိသာသာ တိုးလာခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၇ ရာခိုင်နှုန်းဖြစ်သော ၃ သန်းမှ ၁၉၈၀ ပြည့်လွန်နှစ်များအကုန်တွင် လူဦးရေ၏ ၂၅ ရာခိုင်နှုန်းဖြစ်သော ၁၂ သန်းသို့ တိုးပွားလာခဲ့သည်။

၂။ ဗြိတိသျှပြည်သူ့ဘဏ္ဍာရေးသို့ ပုဂ္ဂလိကပိုင်ပြုလုပ်ငန်းများမှ ၁၉၇၉ နှင့် ၁၉၉၇ အကြား ပေါင် ၉၀ ဘီလီယံထည့်ဝင်နိုင်ခဲ့သည်။

၃။ တတိယအချက်အနေဖြင့် ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ပြည်တွင်းဓာတ်ဆီ စားသုံးသူများသည် ပုဂ္ဂလိကပိုမိုပြုပြီးနောက် ဈေးနှုန်းကျဆင်းမှုနှင့် ဝန်ဆောင်မှုပိုမို ကောင်းမွန်ခြင်းဟူသည့် အကျိုးကျေးဇူးများကို ခံစားကြရသည်။ သို့သော်လည်း ပြည်တွင်း ရေရရှိရေးနှင့် မူလလုပ်ငန်းများတွင် အခကြေးငွေများ သိသိသာသာတိုးသွားပြီး ဝန်ဆောင်မှုပို၍ ညံ့လာခဲ့သည်။

mgyoe.com

mgyoe.com
ဗြိတိသျှမီးရထား ပုဂ္ဂလိကပိုင်ပြုမှု

၁။ မြေအောက်ရထားလမ်းအပါအဝင် ရထားလမ်းများ ပုဂ္ဂလိကပိုင်ပြုရာတွင် ကျေနပ်လောက်သော ရလဒ်များထွက်ပေါ်လာခြင်းမရှိ၊

၂။ လမ်းကြောင်းများ၊ ဘူတာများ၊ အချက်ပြလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်း ၃ ခုအား အနှစ် ၃၀ စာချုပ်ချုပ်ဆိုငှားရမ်းခဲ့သည်။ ရထားသွားလာမှုကို လက်ရှိပြည်သူပိုင် ကဏ္ဍစီမံခန့်ခွဲမှုအောက်တွင် ဆက်လက်ထားရှိခဲ့သည်။

၃။ ဤသို့အများပိုင်လုပ်ငန်းနှင့် ပြည်သူပိုင်လုပ်ငန်းတွဲဖက်ဆောင်ရွက်မှု PPP သည် အားနည်းချက်ဖြစ်သည်။ ရထားကွန်ရက်ကို အခြေခံအဆောက်အအုံနှင့် ရထားသွားလာရေးလုပ်ငန်းဟု ခွဲခြားခြင်းသည် စားစရိတ်ကကြီးမားပြီး စွမ်းဆောင်ရည်လည်း ညံ့ဖျင်းသည်။ မည်သူ့တွင်တာဝန်ရှိသည်ဟု ရှင်းရှင်းလင်းလင်း မတွေ့ရ။ အလုပ်သမား သမဂ္ဂများကလည်း မကျေနပ်၊ ခရီးသည်များကလည်း ဝန်ဆောင်မှုညံ့ဖျင်းခြင်း၊ ရထားခတွေတက်ခြင်းတို့ကြောင့် မကျေနပ်၊ ရထားစနစ်ကို တစ်စုတစ်စည်းတည်းသော လုပ်ငန်းတစ်ခုအဖြစ် အများပိုင်သော်လည်းကောင်း၊ ပုဂ္ဂလိကပိုင် သော်လည်းကောင်း၊ ဖြစ်လျှင် စရိတ်သက်သာကာ ထိရောက်မှုပိုရှိမည်ဟု အကြံပြုကြသည်။

အများပြည်သူ၏ အမြင်

၁။ အလုပ်သမားသမဂ္ဂများနှင့် ပြည်သူ့ဝန်ထမ်းများက ပုဂ္ဂလိကပိုင်ပြုမှုကို အများအားဖြင့် ဆန့်ကျင်ကြသည်။ သူတို့ခံစားနေရသော စီးပွားရေးနှင့်လူမှုရေး၊ အခွင့်အရေးနှင့်အခွင့်ထူးများသည် ပုဂ္ဂလိကပိုင်ဖြစ်သွားသည့်အခါ ဆုံးရှုံးနိုင်သည်။

၂။ အများပြည်သူတို့ကလည်း ပုဂ္ဂလိကပိုင်ပြုမှုကို လိုလိုလားလား မရှိကြပေ။

၃။ နာမည်ကျော် သုတေသနအဖွဲ့အစည်းများက ပုဂ္ဂလိကပိုင်ပြုရေးနှင့်ပတ်သက်၍ ချီးကျူးထောက်ခံရေးသားကြသော်လည်း အများပြည်သူတို့က အထင်တကြီးမရှိကြပေ။ ၁၉၈၃ ခုနှစ်က ပြုလုပ်ခဲ့သော စစ်တမ်းအရ ဗြိတိသျှလူထု၏ ၄၃ ရာခိုင်နှုန်းကသာ လုပ်ငန်းများကို ပိုမို၍ ပုဂ္ဂလိကပိုင်ပြုစေလိုကြသည်။ ၁၉၉၂ ခုနှစ်တွင် ၂၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး ၁၉၉၇ ခုနှစ်တွင် မြေအောက်ရထားလမ်းကို ပုဂ္ဂလိကပိုင်ပြုစေလိုသူ ၁၉ ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

၄။ အများပြည်သူတို့က ပုဂ္ဂလိကပိုင်ပြုခြင်းကြောင့်ချမ်းသာသည့် စီးပွားရေးလုပ်ငန်းရှင်များသည် အခွန်ထမ်းပြည်သူများထံမှ ငွေများဖြင့် ပိုမိုကြွယ်ဝ ချမ်းသာလာကြ
mgyoe.com

mgyoe.com

သည်ဟု ရှုမြင်ကြသည်။

**ပင်ရင်းနှင့် ကိုယ်စားလှယ် ပြဿနာ**

၁။ နိုင်ငံတစ်ခုအနေဖြင့် ပြည်သူများသည် ပင်ရင်းဖြစ်သည်။ အစိုးရသည် ပြည်သူများ၏ကိုယ်စား ပြည်သူများ၏အကျိုးစီးပွားကို ဆောင်ရွက်ရသော ကိုယ်စားလှယ် ဖြစ်သည်။

၂။ လွှတ်တော်တွင် မဲဆန္ဒရှင်များသည် ပင်ရင်းဖြစ်သည်။ လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို ၎င်းတို့ကိုယ်စားဆောင်ရွက်ရသော ကိုယ်စားလှယ်များ ဖြစ်သည်။

၃။ အစိုးရခေါင်းဆောင်များလွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံရသော နိုင်ငံရေးသမားများက ၎င်းတို့သည် အများပြည်သူအကျိုးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ပြောလေ့ပြောထရှိကြသည်။

၄။ သို့သော် တစ်ခါတရံတွင် ပင်ရင်းအကျိုးကျေးဇူးသည် ကိုယ်စားလှယ်အတွက် အကျိုးကျေးဇူးနှင့် ကွာခြားသည်။ ထိုအခါ ကိုယ်စားလှယ်သည် ၎င်းတို့အတွက် အကျိုးရှိမည်ကို ရယူဆောင်ရွက်သည်။ ကိုယ်ကျိုးစီးပွားကို ဦးစားပေးသည်။ ဤသည်မှာ ပင်ရင်းနှင့် ကိုယ်စားလှယ်ပြဿနာပင်ဖြစ်သည်။

**အများပိုင် လုပ်ငန်းကြီးများနှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးများ**

၁။ အများပိုင်လုပ်ငန်းကြီးများတွင် ပြည်သူတို့သည် ပင်ရင်းဖြစ်သည်။ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များသည် ကိုယ်စားလှယ်ဖြစ်သည်။

၂။ ပုဂ္ဂလိက လုပ်ငန်းကြီးများတွင် အစုရှယ်ယာရှင်များသည် ပင်ရင်းဖြစ်သည်။ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များသည် ကိုယ်စားလှယ်ဖြစ်သည်။

၃။ အထက်ပါ အဖွဲ့အစည်း ၂ ခုစလုံးတွင် ပင်ရင်း – ကိုယ်စားလှယ်ပြဿနာရှိနေသည်။

၄။ ပုဂ္ဂလိကလုပ်ငန်းများရှိ ကိုယ်စားလှယ်က ပြည်သူပိုင်လုပ်ငန်းများရှိ ကိုယ်စားလှယ်ထက် ပင်ရင်းအပေါ် လူမှုရေးတာဝန် ပိုမိုကျေပွန်သည်ဟု မဆိုနိုင်။

၅။ ထို့ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုသည် အများပိုင်ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုထက် ပိုမိုကောင်းမွန်ပြီး ရလဒ်ကောင်းများရစေနိုင်သည်ဟု မဆိုနိုင်။

mgyoe.com

mgyoe.com
**အမှုဆောင်အရာရှိအချုပ်ကြောင့် ယုံကြည်မှုပျက်ခြင်း**

၁။ နိုင်ငံပိုင်လုပ်ငန်းများသည် စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ စွမ်းဆောင်မှု အားနည်းခြင်း တို့အတွက် မကြာခဏ အပြစ်တင်ခံရသည်။

၂။ သို့သော် ပုဂ္ဂလိကလုပ်ငန်းများသည်လည်း ပြည်သူတွေ မကျေမနပ်ဖြစ်အောင် ဆောင်ရွက်တတ်ကြသည်။

၃။ အဘယ်ကြောင့်ဆိုသော် ကုမ္ပဏီကြီးများက ၎င်းတို့စွမ်းဆောင်ရည်နှင့် ပတ်သက်၍ သတင်းအမှားတွေထုတ်ပြန်ကာ စာရင်းတွေ လိမ်တတ်ကြခြင်းကြောင့် ဖြစ်သည်။

၄။ ထိုကုမ္ပဏီကြီးများတွင် ထင်ရှားသော အမှုဆောင်အရာရှိချုပ်များ၏ ဆိုးရွားသော အပြုအမူများ ပေါ်ထွက်လာခဲ့ကြသည်။

❑

mgyoe.com

.mgyoe.com

# ပုဂ္ဂလိကပိုင်ပြုခြင်း (၅)

**ရုရှနိုင်ငံ၏အဆင်မပြေသော ပုဂ္ဂလိကပိုင်ပြုမှု အတွေ့အကြုံ**

၁။ ရုရှနိုင်ငံတွင် ပုဂ္ဂလိကပိုင်ပြုရာတွင်ပေါ်ပေါက်လာသော ဆိုးရွားသည့်ရလဒ်များကြောင့် အများပြည်သူတို့က ပုဂ္ဂလိကပိုင်ပြုမှုနှင့်ပတ်သက်၍ စိတ်မချမ်းမသာဖြစ်ကြရသည်။

၂။ ရုရှနိုင်ငံတွင် ပုဂ္ဂလိကပိုင်ပြုမှု ဒုက္ခရောက်ရသည့်ကိစ္စတွင် အရေးကြီးသည့်ကိစ္စ ၂ ခုရှိသည်။

၃။ ပထမအဆင့်မှာ ၁၉၉၂ မှ ၁၉၉၄ အတွင်းပြုလုပ်သော ဘောက်ချာထုတ်ဝေရောင်းချသည့် ပုဂ္ဂလိကပိုင်ပြုမှုဖြစ်သည်။

၄။ ဘောက်ချာများကို အများပြည်သူများအကြားတွင် ညီညီမျှမျှ ဖြန့်ဖြူးသည်။ ထိုဘောက်ချာများကို ပုဂ္ဂလိကပိုင်ပြုသည့် ကုမ္ပဏီများ၏ ရှယ်ယာများနှင့် လဲလှယ်ရန် အသုံးပြုနိုင်သည်။

၅။ ပြည်သူများက ထိုအစီအစဉ်နှင့်ပတ်သက်၍ သေသေချာချာ မသိသည့်အပြင် ဆင်းရဲကြသဖြင့် ဘောက်ချာများကို ငွေကြေးဖြင့် ပြန်လည်ရောင်းချကြသည်။

၆။ ဘောက်ချာအများစုကို ပုဂ္ဂလိကပိုင်ပြုကုမ္ပဏီများမှ စီမံခန့်ခွဲသူများက ဝယ်ကြသည်။ ထို့ကြောင့် နောက်ဆုံးတွင် ရှယ်ယာများနှင့်ပိုင်ဆိုင်မှုများသည် ကုမ္ပဏီများ၏ စီမံခန့်ခွဲသူများလက်ဝယ်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

၇။ ဒုတိယအဆင့်မှာ ၁၉၉၅ –၉၆ ကာလတွင်ဖြစ်ပေါ်ခဲ့သော ရှယ်ယာဝယ်ယူရန်

mgyoe.com

mgyoe.com
အတွက် ချေးငွေပေးသည့်စနစ် ဖြစ်သည်။

၈။ ဘက်ဂျက်လိုငွေကို ဖြည့်စွမ်းရန်နှင့်၁၉၉၆ ခုနှစ် ရုရှသမ္မတရွေးကောက်ပွဲအတွက် လိုအပ်သော ရန်ပုံငွေများရရန်အတွက် ဤအစီအစဉ်ကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၉။ ဤအစီအစဉ်အရ သတ္တုနှင့်ရေနံလုပ်ငန်းရှိ အကြီးဆုံးနိုင်ငံပိုင်လုပ်ငန်းများကို လေလံပစ်သည်။ ထိုသို့ လေလံပစ်ရာတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်များက အစိုးရကို ငွေချေးသည်။

၁၀။ ထိုသို့လေလံပစ်ရာတွင် ထင်သာမြင်သာ မရှိ၊ ဦးစားပေးခံရသူ လူတစ်စုက ထိန်းချုပ်ထားခြင်းဖြစ်သည်။

၁၁။ ထို့အပြင် ချေးငွေများငှားရမ်းထားသည့် နိုင်ငံပိုင်လုပ်ငန်းများကို အချိန်ကိုက် ပြန်လည်ပေးဆပ်ခြင်းမရှိ။ ထို့ကြောင့် အလွန်တန်ဖိုးရှိသော နိုင်ငံပိုင်ဥစ္စာရတနာများကို ဈေးပေါပေါနှင့်ချရောင်းသည့်ပုံစံမျိုးဖြစ်သွားသည်။

၁၂။ ရလဒ်မှာ ရုရှစီးပွားရေးသမားအုပ်စုတစ်စု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ထို ပုဂ္ဂိုလ်များသည် နေ့ချင်းညချင်း သန်းထောင်ချီကြွယ်ဝသောသူဌေးများ ဖြစ်သွားကြသည်။

၁၃။ အချို့ခန့်မှန်းချက်အရနိုင်ငံ၏ပိုင်ဆိုင်မှု ဒေါ်လာ ၁.၅ ထရီလီယံမျှရှိသော နိုင်ငံ၏ ပိုင်ဆိုင်မှုများကို ရှယ်ယာရောင်းချရန်ချေးငွေအဖြစ် ခိုးယူခံရသည်ဟု ပြောစမှတ် ပြုကြသည်။

## နိုင်ငံအတော်များများရှိအတွေ့အကြုံများ

၁။ ကမ္ဘာတစ်ဝန်းတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုပျံ့နှံ့သွားသည့်အခါ အရေးပါသည့် သင်ခန်းစာတွေ ရယူနိုင်သည့် စိတ်ဝင်စားစရာကောင်းသည့်နိုင်ငံအသီးသီး၏ အတွေ့အကြုံများစွာရှိသည်။

၂။ သို့သော်လည်း အချို့ နိုင်ငံများ၏သင်ခန်းစာသာ ယူပါမည်။

၃။ ဆွေးနွေးစရာ အာရှဒေသမှပုဂ္ဂလိကပိုင်ပြုမှု အစီအစဉ် ၂ ခုကို ရွေးချယ်ပါမည်။

၄။ တစ်ခုမှာ ထိုင်းနိုင်ငံမှဖြစ်ပြီး၊အခြားတစ်ခုမှာ စင်္ကာပူနိုင်ငံမှ ဖြစ်သည်။

၅။ အောက်တွင် ဆက်လက်ဖော်ပြပါမည်။

## ထိုင်းနိုင်ငံအတွေ့အကြုံ

၁။ ထိုင်းနိုင်ငံအတွင်း ပုဂ္ဂလိကပိုင်ဘတ်(စ်)ကားများသည် အစိုးရပိုင် ဘတ်(စ်)ကား

mgyoe.com

mgyoe.com
များနှင့် ပြိုင်ဆိုင်ကြသည်။

၂။ ဘန်ကောက်တွင် အစိုးရပိုင်ဘတ်(စ်)ကားများနှင့် ပုဂ္ဂလိကပိုင် ဘတ်(စ်)ကားများသည် ကောက်ယူသည့် အခကြေးငွေ တူညီသော်လည်းနိုင်ငံပိုင်လုပ်ငန်းများတွင် ဆက်တိုက်အရှုံးပြနေပြီး ပုဂ္ဂလိကလုပ်ငန်းများတွင် အမြတ်ပြသည်။

၃။ ပုဂ္ဂလိက ဘတ်(စ်)ကားပြေးလုပ်ငန်းများက ဘဏ္ဍာရေးအခြေအနေ ပိုမိုကောင်းမွန်ရခြင်းမှာ အခကြေးငွေကောက်ခံရာတွင် ပိုမိုကောင်းမွန်ခြင်း၊ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်မားခြင်း၊ ဝန်ဆောင်မှုပေးရာတွင် အဆင်ပြေခြင်း၊ ဂုံးများ မကြာခဏပြေးခြင်း၊ ကားတစ်စီးနှင့်တစ်စီးအကြား ကွာဟချိန် နည်းခြင်းတို့ကြောင့်ဖြစ်သည်။

၄။ ပုဂ္ဂလိကပိုင်ဘတ်(စ်)ကားလိုင်းများက ပြေးဆွဲလျက်ရှိသော မီနီဘတ်(စ်)ကားများသည် လမ်းကျဉ်းများ၊ အချို့သော လမ်းများအတွက် ပိုမိုအဆင်ပြေသည်။ ခရီးသည်များက အသေးစားဘတ်(စ်)ကားများကို ပိုမိုသဘောကျသည်။

၅။ သို့သော် ၎င်းတို့ကိုအသုံးပြုရာတွင် အများထိခိုက်နစ်နာသော ကုန်ကျစရိတ်များရှိသည်။

၆။ ၎င်းတို့ပြေးဆွဲရာတွင် အဆင်ပြေသလို ပြေးဆွဲနိုင်သဖြင့် အကျိုးအမြတ်များသောနေရာများတွင်ကားများ စုပြုံနေပြီး၊ လူဦးရေနည်းပါးကာ အမြတ်လုံလုံလောက်လောက်မရနိုင်သည့်နေရာများတွင် ဝန်ဆောင်မှုပေးခြင်း မရှိသည်ကို တွေ့ရသည်။

၇။ အမြတ်နည်းခြင်း၊ ယှဉ်ပြိုင်မှုများခြင်းတို့ကြောင့် တရားမဝင်လုပ်ငန်းများပေါ်ပေါက်လာစေသည်။ လမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ အသုံးအဆောင်များကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိခြင်းတို့ကြောင့် အများပြည်သူများ၏ အန္တရာယ်ကို ဖြစ်ပေါ်စေသည်။

### စင်္ကာပူနိုင်ငံ အတွေ့အကြုံ

၁။ စင်္ကာပူနိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့ကျသော နည်းလမ်းကို ချမှတ်ကျင့်သုံးသည်။

၂။ အနည်းနှင့် အများဆိုသလို ၎င်းတို့သည် ခိုင်မာသည့် စီးပွားရေးမူဝါဒများအတိုင်းလည်ပတ်သည်။ အကျိုးအမြတ်ရရှိရန်လည်း မျှော်လင့်ပြီးရှုံးလျှင် လုပ်ငန်းရပ်ဆိုင်းရမည်ဟု သတ်မှတ်ထားသည်။

၃။ ထို့ကြောင့် နိုင်ငံပိုင်လုပ်ငန်းများသည် ရှင်သန်နေပြီး အစိုးရအတွက် ဝန်ထုပ်

mgyoe.com

mgyoe.com ဝန်ပိုးမဖြစ်။ သို့သော်လည်း နိုင်ငံသည် ပုဂ္ဂလိကပိုင်ပြုရေးမူဝါဒကို ဆက်လက်ကျင့်သုံးဆဲဖြစ်သည်။အကြောင်းတရားများမှာ အောက်ပါတို့ကြောင့် ဖြစ်သည်။ (က)ပုဂ္ဂလိကက ဆောင်ရွက်နိုင်ပြီး၊ အစိုးရ၏ အထောက်အပံ့မလိုသော လုပ်ငန်းများလုပ်ဆောင်ခြင်းကို လျှော့ချရန်၊ (ခ) စင်္ကာပူစတော့ရှယ်ယာဈေးကွက်ကျယ်ပြန့်နက်ရှိုင်းစေရန်၊ (ဂ) နိုင်ငံပိုင်လုပ်ငန်းများသည် ပုဂ္ဂလိကပိုင်လုပ်ငန်းများနှင့် ပြိုင်ဆိုင်မှုကို လျှော့ချရန်တို့ဖြစ်သည်။

၄။ သို့သော်လည်း စင်္ကာပူက ပြည်သူ့လုပ်ငန်းများအနေဖြင့် ကုမ္ပဏီများလည်ပတ်ရေးအတွက် အာရုံမစိုက်စေဘဲနိုင်ငံ၏ အုပ်ချုပ်ရေးကိစ္စရပ်များအပေါ် အာရုံစိုက်ကာ ဆောင်ရွက်ရန်ခက်သည်။

၅။ သာဓကအဖြစ် အစိုးရသည် ပေါ်ထွန်းစလုပ်ငန်းသစ်များအတွက် ရန်ပုံငွေများထုတ်ပေးသည်။

၆။ နည်းပညာ လျင်မြန်စွာတိုးတက်လာခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးစရိတ်များအတွက် အသုံးပြုရသည့် စရိတ်ကြီးမားခြင်းတို့ကြောင့် စင်္ကာပူရှိဒေသခံ စီးပွားရေးလုပ်ငန်းများက ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမရှိမည်ကို စိုးရိမ်ပူပန်ကြသည်။

၇။ သို့သော်လည်း အစိုးရက ထိုနယ်ပယ်ထဲများသို့ ဝင်ရောက်ဆောင်ရွက်သည်။ သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရ၏ ဝင်ရောက်ဆောင်ရွက်မှုမှာ လျော့ပါးသွားခြင်း မရှိပေ။ နိုင်ငံပိုင်လုပ်ငန်းများသည် လာမည့်အနာဂတ်တွင် စင်္ကာပူနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့်အခန်းကဏ္ဍမှာ ဆက်လက်ပါဝင်နေဦးမည်ဖြစ်သည်။

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုမှု (၆)

**ဗြိတိန်နိုင်ငံ Royal Mail စာပို့လုပ်ငန်းပုဂ္ဂလိကပိုင်ပြုခြင်း**

၁။ ဗြိတိန်နိုင်ငံမှစာပို့လုပ်ငန်း Royal Mail ကို Margaret Thatcher က ပုဂ္ဂလိကပိုင်ပြုရန် အတတ်နိုင်ဆုံးနှစ်ရှည်လများ ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရှိပေ။ ထိုသို့ အောင်မြင်မှုမရှိခြင်းမှာ ပါလီမန်အတွင်းရှိ ကန့်ကွက်သူများကြောင့် ဖြစ်သည်ဟုဆိုသည်။

၂။ သို့သော်လည်း အချိန်ကာလကြာလာသည့်အခါ အခြေအနေလည်းပြောင်းလဲသွားသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် Royal Mail ရှယ်ယာ ၆၀ ရာခိုင်နှုန်းကိုလန်ဒန် စတော့ဒိုင်တွင်တင်၍ ရောင်းချခဲ့သည်။

၃။ ထိုသို့ အခြေအနေပြောင်းခဲ့ခြင်းမှာ စာပို့လုပ်ငန်းများနှင့်ပတ်သက်၍ ဝယ်လိုအားပြောင်းလဲသွားခြင်းကြောင့် ဖြစ်သည်။ အင်တာနက်အသုံးပြုရောင်းဝယ်မှုများပေါ်ပေါက်လာခြင်းကြောင့် စာတိုက်ကိုအသုံးပြု တင်ပို့ရသော ပါဆယ်ပမာဏသိသိသာသာတက်လာခဲ့သည်။ သို့သော်လည်း စာတိုက်မှတဆင့် ပေးပို့သောစာများသိသိသာသာလျော့ကျသွားခဲ့သည်။ ၂၀၀၄ ခုနှစ်ကနေ့စဉ် စာ ၈၂ သန်းစာတိုက်မှ ပို့ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်တွင် ၅၈ သန်းသာပို့ခဲ့သည်။ ၃၀ ရာခိုင်နှုန်းနီးပါးကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

၄။ Royal Mail ကိုပုဂ္ဂလိကပိုင်ပြုခြင်းသည် အောင်မြင်သည့် အလားအလာများ

mgyoe.com

mgyoe.com

ပြားသည်။ အဘယ့်ကြောင့်ဆိုသော် ဘယ်လ်ဂျီယမ်၊ ဩစတြေးလျနှင့်ဂျာမနီကဲ့သို့သောဥရောပနိုင်ငံများတွင် စာပို့တိုက်လုပ်ငန်းကို တစ်စိတ်တစ်ဒေသ ပုဂ္ဂလိကပိုင်ပြုရာတွင် အောင်မြင်မှုများ ရနေ၍ဖြစ်သည်။ ပုဂ္ဂလိကပိုင်ပြုပြီးနောက် ထုတ်လုပ်မှုစွမ်းအားလည်း မြင့်မားလာပြီးအမြတ်ရရှိမှုလည်းတက်လာခဲ့သည်။

၅။ ပုဂ္ဂလိကပိုင် Royal Mail စာပို့လုပ်ငန်းဖြစ်သွားလျှင် ဝန်ကြီးများအနေနှင့် စာပို့လုပ်သားများ၏ လစာနှင့်ပတ်သက်၍ ဆက်သွယ်ရေးအလုပ်သမားများသမဂ္ဂနှင့် အငြင်းပွားရမှုမှ လွတ်ကင်းသွားသည်။ ထို့ကြောင့် ဝန်ကြီးများအနေဖြင့် နိုင်ငံရေးအရအရှုက်တကွဲအကျိုးနည်းဖြစ်ပြီးထိခိုက်စရာရှိသည့် အန္တရာယ်များလျော့ပါးသွားစေသည်။

၆။ ပုဂ္ဂလိကပိုင်ပြုခြင်းသည် အစိုးရ၏ လိုငွေလျှော့ချသည့် အစီအစဉ်ကိုလည်း အထောက်အကူပြုသည်။ Royal Mail ကိုရောင်းချခြင်းမှ အစိုးရသည် ပေါင်စတာလင်သန်း ၂ ထောင်ရရှိခဲ့သည်။

၇။ အခြေအနေပြောင်းလာခြင်းကြောင့် စာပို့လုပ်ငန်းကွန်ရက်ကိုခေတ်မီအောင်ပြုလုပ်ရန် လိုအပ်လာသည်။ စာပို့ကွန်ရက်သည် စာတိုက်ခွဲပေါင်း ၁၁၅၀၀ ရှိသည်။ ထိုစာတိုက်ခွဲပေါင်း ၁၁၅၀၀ ကိုခေတ်မီအောင်ပြုလုပ်ရန်လိုသည်။ ဘက်ဂျက်လိုငွေ လျှော့ချမှုသည် ၂၀၂၀ အထိအကျိုးသက်ရောက်မှု ရှိမည်ဖြစ်သဖြင့် စာပို့လုပ်ငန်းကိုခေတ်မီအောင်လုပ်မည်ဆိုလျှင် ပုဂ္ဂလိကလုပ်ငန်းကိုအားကိုးရမည်ဖြစ်သည်။ Royal Mail ရှယ်ယာများကိုစတော့ရှယ်ယာ ဈေးကွက်တွင်တင်၍ရောင်းချသည်။

## နိုင်ငံပိုင်လုပ်ငန်းများကိုရောင်းချကာ နိုင်ငံ၏ကြွေးမြီကိုဆပ်ရန် ကြိုးစားခြင်း

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် အီကောနောမစ်မဂ္ဂဇင်းတွင် ဤအကြောင်းအရာကို ဆွေးနွေးထားသည်။ အစိုးရများအနေဖြင့် ပုဂ္ဂလိကပိုင်ပြုခြင်းလှိုင်းအသစ်တစ်ခုကို စတင်နိုင်ကြောင်း ယခုအချိန်တွင် ပိုင်ဆိုင်မှုများအပေါ်တွင် အခြေခံသင့်ကြောင်းရေးထားသည်။ အကြောင်းတရားတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကြွေးတင်နေသည် ဆိုပါစို့

၂။ အသုံးစရိတ်ကိုလျှော့ချရန် ခက်နေသည် ဆိုပါစို့

၃။ အသုံးပြုမှုနည်းသည့် ပိုင်ဆိုင်မှုများလည်းရှိနေသည်။

၄။ ယိုသို့ဆိုလျှင် အသုံးပြုမှုနည်းနေသည့် ပိုင်ဆိုင်မှုများကိုရောင်းချကာ ကြွေး

mgyoe.com

ပြဿနာကိုဖြေရှင်းရန် မသင့်တော်ပေဘူးလား၊

၅. အီကောနော်မစ် မဂ္ဂဇင်းကလက်ရှိအခြေအနေတွင် အနောက်နိုင်ငံများရှိစက်မှုနိုင်ငံများမှ အစိုးရများသည် ထိုအခြေအနေအတိုင်း ဖြစ်နေကြသည်။ နိုင်ငံအတွင်းကြွေးမြီမြင့်မားပြီးဘက်ဂျက်လိုငွေ လျှော့ချရန်လည်းဝိုင်းဝန်း ဖိအားပေးနေကြသည်။ ဘက်ဂျက်လိုငွေလျှော့ချရာတွင် အသုံးပြုမှုနည်းသည့် ပိုင်ဆိုင်မှုများကိုအသုံးပြုနိုင်သည်။

## ပုဂ္ဂလိကပိုင်ပြုမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံ

၁။ ပုဂ္ဂလိကပိုင်ပြုမှုကို ပြန်လည်ရှင်သန်ရန် ကြိုးစားရာတွင် ပထဝီအနေအထားအရ ပြောင်းလဲမှုများ ဖြစ်နေသည်ကိုတွေ့ရသည်။

၂။ ယခုအခါ ကမ္ဘာပေါ်တွင် ပုဂ္ဂလိကပိုင်ပြုမှုသည် ရှင်သန်လျက်ရှိပြီးကောင်းကောင်း မွန်မွန်လည်း ဖြစ်နေသည်။

၃။ ရှင်သန်ရခြင်းမှာထွန်းသစ်စနိုင်ငံများကြောင့်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ ၂ နိုင်ငံကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံသည် မိမိစီးပွားရေးလုပ်ငန်းများကို လူနည်းစုရှယ်ယာကိုထုတ်ရောင်းသည်။ ဘဏ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်းနှင့် အသံလွှင့်လုပ်ငန်းများဟူသော နိုင်ငံပိုင်လုပ်ငန်းများ၏ ရှယ်ယာအနည်းစုကိုထုတ်ရောင်းသည်။ ဘရာဇီးနိုင်ငံသည်လည်း လေဆိပ်ကို ဒေါ်လာဘီလီယံ ၂၀ ရှိရင်းနှီးမြှုပ်နှံမှု အစီအစဉ်တွင် ထုတ်ရောင်းခဲ့သည်။

၄။ ၂၀၀၄ မှ ၂၀၀၅ အကြား အကြီးမားဆုံးကနဦးအများပြည်သူသို့ ရှယ်ယာရောင်းချမှုအကြီးဆုံး ၂၀ တို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွှယ်သည်။

၅။ ၁၉၈၀ ပြည့်လွန်နှစ်များနှင့် မတူဘဲပုဂ္ဂလိကပိုင်ပြုမှု ဖွံ့ဖြိုးသည့် ပထဝီအနေအထား ပြောင်းလဲသွားသည်ကိုတွေ့ရသည်။

## စက်မှုနိုင်ငံများရရှိသောအကျိုးကျေးဇူးများ

၁။ စက်မှုနိုင်ငံများတွင် ၂၀၀၇၊ ၂၀၀၈ တွင် ဖြစ်ပွားသော ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ပုဂ္ဂလိကပိုင်ပြုမှု နှေးကွေးသွားခဲ့သည်။ သို့သော်လည်း ပြောင်းပြန်ရလဒ်များပေါ်ပေါက်စေခဲ့သည်။ ဒုက္ခရောက်နေသောဘဏ်များ၊ ကုမ္ပဏီများကိုကယ်တင်ရခြင်းကြောင့် အစိုးရကတာဝန်ယူမှု ပုဂ္ဂလိကပိုင်ကုမ္ပဏီ

mgyoe.com

mgyoe.com

များဝယ်ယူမှုသည် လွန်ခဲ့သည့် ၅ နှစ်အတွင်းတက်လာခဲ့သည်။

၂။ ထိုနိုင်ငံများတွင် ပုဂ္ဂလိကပိုင်ပြုမှု ပြန်လည်ရှင်သန်နိုင်ပါမည်လော၊

၃။ ပုဂ္ဂလိကပိုင်ပြုမှုသည် အောက်ပါအခြေအနေ ၃ ခုတွင် ရလဒ်ကောင်းများကိုထွက်ပေါ်စေနိုင်သည်။

(က) ပြည်သူ့ဘဏ္ဍာရေးအခြေအနေဆိုးရွားနေလျှင်

(ခ) ဘဏ္ဍာရေးဈေးကွက်တွင် အကျိုးအမြတ်ကောင်းကောင်း မြင့်မြင့်မားမားရရှိနေလျှင်

(ဂ) ရောင်းချနိုင်သည့် နိုင်ငံပိုင် ပိုင်ဆိုင်မှုများစွာရှိခြင်းတို့ ဖြစ်သည်။

၄။ ထိုအခြေအနေများနှင့် စက်မှုနိုင်ငံများ ကြုံကြိုက်နေရသည်။

၅။ အောက်တွင် ဆက်လက်ရှင်းပြပါမည်။

**စက်မှုနိုင်ငံများတွင် ပုဂ္ဂလိကပိုင်ပြုမှု မြှင့်တင်နိုင်သည့် အခြေအနေ**

၁။ လောလောဆယ်တွင် OECD အဖွဲ့တွင် အဖွဲ့ဝင် ၃၄ နိုင်ငံရှိသည်။ အများစုသည် စက်မှုနိုင်ငံများဖြစ်ပြီး တောင်ကိုရီးယား၊ မက္ကဆီကို၊ ချီလီနှင့် တူရကီတို့ကဲ့သို့သောထွန်းသစ်စနိုင်ငံများလည်း ပါဝင်ကြသည်။

၂။ ပြည်သူ့ဘဏ္ဍာရေးအခြေအနေ၊ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြောင့် ချေးငွေအကျပ်အတည်းနှင့် တွေ့ကြုံခြင်း၊ ဘဏ္ဍာအခွန်ငွေ ကောက်ခံမှုကျဆင်းခြင်း၊ စီးပွားရေးတိုးတက်ရန်အတွက် အစိုးရကအကြီးအကျယ်သုံးစွဲရန် လိုအပ်ခြင်း၊ စက်မှုနိုင်ငံအတော်များများတွင် ဘဏ်များကိုအာမခံကယ်တင်ရခြင်းများ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ ပြည်သူ့ဘဏ္ဍာရေးအခြေအနေကို အလွန်ဆိုးရွားစေခဲ့ပြီး အမျိုးသားကြွေးမြီများသိသိသာသာတိုးလာခဲ့သည်။

၃။ OECD နိုင်ငံများတွင် ပျမ်းမျှအမျိုးသားကြွေးမြီသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် GDP ၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည်။ ၂၀၁၃ ခုနှစ်တွင် GDP ၏ ၁၁၃ ရာခိုင်နှုန်းအထိတက်လာခဲ့ပြီး ၂၀၁၄ တွင် ပို၍တက်မည်ဟုခန့်မှန်းရသည်။

၄။ ထိုပြည်သူ့ဘဏ္ဍာရေးအခြေအနေဆိုးရွားကာ ကြွေးမြီများတင်ရှိသည့် ပြဿနာများကို နိုင်ငံပိုင် ပိုင်ဆိုင်မှုများပုဂ္ဂလိကပြုမှုမှတစ်ဆင့် ထုတ်ရောင်းခြင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ရှုမြင်ကြသည်။

၅။ OECD နိုင်ငံအများစုသည် လက်ရှိပုဂ္ဂလိကပိုင် ပြုသည့်အစီအစဉ်များကြောင့် ရောင်းချပြီးသည်ထက် ပိုင်ဆိုင်သောပိုင်ဆိုင်မှုများများစွာကျန်ရှိနေသေးသည်။

mgyoe.com

mgyee.com
၆။ ပိုင်ဆိုင်မှုဆိုရာတွင် ဘဏ္ဍာရေးမဟုတ်သော ပိုင်ဆိုင်မှုများကိုအထူးသဖြင့် ရည်ညွှန်းသည်။ မြေယာများ၊ မြေများ၊ အဆောက်အအုံများ၊ မြေအောက်ရှိသယံဇာတများကိုဆိုလိုသည်။
၇။ အချို့သော သယံဇာတများကို အမျိုးသားအမွေအနှစ်အဖြစ် သတ်မှတ်နိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများက အမြတ်ရစေရန် ရောင်းချခြင်းမပြုနိုင်၊ သို့သော် အခြားရောင်းချနိုင်သည့် ပိုင်ဆိုင်မှုများများစွာရှိသည်။
၈။ သာဓကတစ်ခု ပြရလျှင် အစိုးရ၏တာဝန်ယူမှုရုံးက ၂၀၀၉ ခုနှစ်တွင် အမေရိကန်အစိုးရသည် အဆောက်အအုံပေါင်း ၄၅၀၀၀ ကိုပိုင်ဆိုင်ကာအသုံးပြုမှု နည်းပြီး လိုအပ်ခြင်းလည်းမရှိဟု ထောက်ပြသည်။ ထိုအစိုးရကပိုင်ဆိုင်သော မြေဧကသန်း ၅၀၀ ရှိသည်။ ၂၀၁၁ တွင် ထိုလယ်ယာမြေများကိုကိုင်တွယ်သော ပြည်ထဲရေးဝန်ကြီးဌာနကရငွေထက် ဒေါ်လာ ၁၃ ဘီလီယံကိုပိုသုံးခဲ့သည်။ ထို့ကြောင့် အခြေအနေကိုပိုကောင်းအောင်လုပ်စရာရှိသည်။ သို့သော်လည်းအများအားဖြင့် မြေအောက်တွင် ရှိနေကြသည်။ အနည်ကျကျောက်များသည် အစိမ်းရောင်တောင်ကြားဟုခေါ်သည့် ကော်လိုရာဒိုယူတနှင့် ဝိုက်အိုမင်းတို့တွင် ရှိနေကြသည်။ ရေနံထွက်သည့် လချေးကျောက်များကမ္ဘာပေါ်တွင် အများဆုံးစုဝေးရာဖြစ်သည်ဟုဆိုသည်။ ထိုမြေ၏ ၃ ပုံ ၁ ပုံကိုဗဟိုအစိုးရကပိုင်သည်။ အကယ်၍ ပုဂ္ဂလိကကို ငှားရမ်းခဲ့လျှင် ၁၀ နှစ်အတွင်းဒေါ်လာ ၁၅၀ ဘီလီယံရရှိမည်ဟု ဘက်ဂျက်ရုံးက ခန့်မှန်းသည်။ ယခုအခါ လချေးကျောက်မှ ရေနံထုတ်လုပ်သည့် အမေရိကန်ပုဂ္ဂလိကလုပ်ငန်းများပေါ်ပေါက်လျက်ရှိသည်။
၁၀။ အခြား OECD နိုင်ငံများတွင်လည်း ထိုကဲ့သို့ အလားတူအခွင့်အရေးများ အနည်းနှင့်အများဆိုသလို ရှိကြသည်။ သို့သော်လည်းအစိုးရက ၎င်းတို့၏တန်ဖိုးနှင့်ပတ်သက်၍ သင့်တင့်သောတန်ဖိုးဖြတ်ခြင်းမရှိ၊ သတင်းအချက်အလက်များကိုလည်း မျှဝေလိုခြင်းမရှိ၊ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် စာရင်းကိုင်နည်းလမ်းများလည်း ကွဲပြားကာထိုပိုင်ဆိုင်မှုများကို တန်ဖိုးဖြတ်ရန်၊ ခန့်မှန်းရန်၊ ခက်ခဲစေသည်။
၁၁။ ထိုအားနည်းချက်များရှိသော်လည်း OECD အစိုးရများကပိုင်ဆိုင်သည့် ဘဏ္ဍာရေး မဟုတ်သော ပိုင်ဆိုင်မှုများသည် ဒေါ်လာ ၉ ထရီလီယံခန့်ရှိသည်ဟုခန့်မှန်းကြသည်။
၁၂။ ထိုဒေါ်လာ ၉ ထရီလီယံနှင့်နှိုင်းယှဉ်ပါက ဗဟိုအစိုးရများက OECD နိုင်ငံများတွင် ပိုင်ဆိုင်သောကုမ္ပဏီများသည် ဒေါ်လာ ၂.၂ ထရီလီယံ မျှသာရှိသည်။
mgyee.com

mgyoe.com
၁၃။ အကယ်၍ ဗဟိုအဆင့်က ပိုင်ဆိုင်မှုမရှိ အခြားအဆင့်များပိုင်ဆိုင်သော ပိုင်ဆိုင်မှုများကိုပါ ထည့်တွက်လျှင် စုစုပေါင်းတန်ဖိုး ၄ ထရီလီယံခန့် ရှိနိုင်သည်။

❑

mgyoe.com

mgyoe.com

# ပုဂ္ဂလိကပိုင်ပြုမှု (၇)

အပြန်အလှန်ငြင်းခုံမှုများ

၁။ မြေယာနှင့် သဘာဝ သယံဇာတများပါဝင်သော အများပြည်သူပိုင်ဆိုင်မှုများကို ပုဂ္ဂလိကပိုင်ပြုရာတွင် နက်ရှိုင်းသောပြဿနာများကို ပေါ်ပေါက်စေပြီး နိုင်ငံရေး အရ ဆန့်ကျင်မှုများနှင့် တွေ့ကြုံရသည်။ သမ္မတအိုဘားမားက လျှပ်စစ်လုပ်ငန်း တစ်ခုဖြစ်သော တန်နက်စီတောင်ကြား အာဏာပိုင်ကို ရောင်းချရန် အကြံပြုသည့် အခါ ဆန့်ကျင်မှုများနှင့် တွေ့ကြုံရသည်။

၂။ ထို့အပြင် အခြားအားနည်းချက်များစွာ ရှိသေးသည်။ မြို့ပေါ်ရှိလမ်းများနှင့် လေဆိပ်တို့ကဲ့သို့သော ဘဏ္ဍာရေးအရ မဟုတ်သည့် ပိုင်ဆိုင်မှုများသည် အများ ပြည်သူတို့ကို ကောင်းကျိုးပြုသည့် ဝန်ဆောင်မှုများဖြစ်သည်။ ၎င်းတို့ကို ပုဂ္ဂလိက သို့အမြတ်ရရန် ရောင်းချလိုက်ခြင်းသည် မလိုလားအပ်သော လူမှုရေးနှင့် စီးပွားရေး ရလဒ်များကို ပေါ်ပေါက်စေသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သာဓကပေါင်းများစွာ ရှိသည်။ သာဓကတစ်ခုကို အောက်တွင်တင်ပြထားသည်။ ပုံစံအားဖြင့် ပြည်သူ ပိုင်နှင့် ပုဂ္ဂလိကပူးတွဲဆောင်ရွက်မှု အစီအစဉ်ဖြစ်ပြီး ယခုတလောတွင် PPP သည် အလွန်ခေတ်စားလျက်ရှိသည်။

၃။ သာဓကပြလိုသည့်ကိစ္စမှာ ၂၀၀၈ ခုနှစ်က ချီကာဂိုမြို့တော်တွင် ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုကို မြို့ပြရှိလမ်းများပေါ်ရှိ ကားရပ်မီတာ ၃၆၀၀၀ တို့တွင် ကားရပ်ခ ၇၅ နှစ်ကြာ ကောက်ခံရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ထို့အတွက် ချီကာဂိုက ၁.၁၅ ဘီလီယံရရှိကာ ဘက်ဂျက်လိုငွေကို လျော့နည်းအောင် လုပ်နိုင်ခဲ့သည်။ တစ်ဖက်

mgyoe.com

mgyoe.com

တွင် ကုမ္ပဏီက အမြတ်အများဆုံးရရန်အတွက် ၅၂၁ မျက်နှာရှိသော စာချုပ်ကို အသုံးချကာ ကောင်းကောင်းအမြတ်ထုတ်ခဲ့သည်။ အမြတ်အများဆုံးရရန် ဆောင်ရွက်ခဲ့သည်။

၄။ ရလဒ်မှာ ချီကာဂိုရှိ မော်တော်ယာဉ်ရပ်နားခများသည် အမေရိကန်နိုင်ငံတွင် အမြင့်ဆုံးဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီကလမ်းများပေါ်တွင် လျှောက်သွားကာ မီတာသတ်မှတ်ချိန်ထက် ကျော်လွန်နေသော မော်တော်ယာဉ်များကို ဒဏ်ကြေးတောင်းခဲ့သည်။ ထိုသို့ဒဏ်ကြေးတောင်းသော လက်မှတ်ပေါင်း ထောင်သောင်းချီထုတ်ခဲ့ရာ ကုမ္ပဏီအနေဖြင့် ဒေါ်လာ သိန်းချီဝင်လာခဲ့သည်။ ကုမ္ပဏီက အခြားပြုပြင်ထိန်းသိမ်းရေးနှင့် ပြပွဲများ အများပြည်သူအသုံးပြုရန်အတွက် ပိတ်ထားသော လမ်းများအတွက် ဒေါ်လာ သန်းချီ၍ ဒဏ်ရိုက်ခဲ့သည်။

၇။ ထိုသို့သော ဒဏ်ငွေများကောက်ခံမှုကြောင့် ကုမ္ပဏီသည် ဒေါ်လာ ၁၁.၆ ဘီလီယံ ရရှိမည်ဟု တွက်ဆကြသည်။ အစိုးရကို တောင်းခံသော ငွေများကို အစိုးရက ငြင်းပယ်ခဲ့သည်။

၈။ ချီကာဂိုရှိလမ်းများကို အကြောင်းပြု၍ ကြွယ်ဝချမ်းသာသော ဝေါ်စထရိရှိ ဘဏ်လုပ်ငန်းရှင်များ၊ အာရပ်ရေနံ သူဌေးကြီးများထံတွင် မီတာများ ပြန်ဝယ်မည်ဆိုလျှင် ချီကာဂိုရှိ အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများသည် တစ်ဦးလျှင် ဒေါ်လာ ၄၂၃ ဒေါ်လာပေးရမည်ဟု မှတ်ချက်ချကြသည်။ ထိုမီတာခပြဿနာနှင့် ပတ်သက်၍ မြို့ပြအာဏာပိုင်များနှင့် ချီကာဂိုပြည်သူလူထုက အတော်လေး မကျေမနပ်ဖြစ်ကြသည်။

သင်ခန်းစာများ

၁။ ထိုမော်တော်ကားရပ်နားခပြဿနာသည် ချီကာဂိုအတွက် သင်ခန်းစာကောင်း တစ်ခုဖြစ်သည်။ ထိုသင်ခန်းစာအရ မစ်ဝေးလေဆိပ်ကို ပုဂ္ဂလိကပိုင်ပြုရန် ဆုံးဖြတ်ချက်ချရန် မြို့တော်နှင့် ပုဂ္ဂလိက စေ့စပ်ညှိနှိုင်းရာတွင် ထိုသင်ခန်းစာများကို အသုံးချသည်။

၂။ ချီကာဂို မစ်ဝေးလေဆိပ်သည် ၁ နှစ်လျှင် ခရီးသည် ၁၉ သန်း ဝင်ထွက် သွားလာကြသည်။ လေယာဉ်ဆင်းသက်ခ၊ ဂိတ်ကြေး၊ လေကြောင်းလိုင်းများအတွက် ဓာတ်ဆီဖြည့်တင်းခြင်း တို့အပြင် လေဆိပ်အတွင်း ခရီးသည်များအသုံးပြုသော ငွေကြေးများကိုလည်း ရရှိသည်။

mgyoe.com